ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (6-9-2005)(၄၇၁၀)

❍ စက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများဖြစ်သော သံတိုသံစနှင့် သံစိမ်းရရှိရေး၊ အဆင့်မြင့် သံထည်ထုတ်လုပ်နိုင်ရန်အတွက် ဓာတ်ကူပစ္စည်းများ ဝယ်ယူရရှိရေး၊ ထုတ်ကုန်ပစ္စည်း အရည်အသွေးမီရေးတို့ကို အချိန်နှင့်တစ်ပြေးညီ ဆက်စပ်လုပ်ကိုင်၊ ကျွမ်းကျင်လုပ်သားရရှိရေး၊ လျှပ်စစ်ပတ်ငွေကြေးရရှိရေးနှင့် ဈေးကွက်ရရှိရေးတို့သည်လည်း အထူးအရေးကြီး။

အရည်အသွေးမီ သံထည်ပစ္စည်းများကို များများစားစား မြန်မြန်ဆန်ဆန်ထုတ်လုပ်နိုင် သံထည်များကို အနုစိတ်စက်ခုတ်စား၊ ပုံဖိ၊ ပုံဖော်၊ အမာတင်လုပ်ငန်းလည်း ဆောင်ရွက်နိုင်ပြီ ထုတ်လုပ်မှုနည်းစဉ် ခေတ်မီသည်နှင့်အမျှ အရည်အသွေးစံချိန်မီပြီး ဈေးကွက်ဝင်မည် လက်ရာလက်သားကောင်းသည်နှင့်အမျှ ပြည်ပဈေးကွက်အထိ တက်လှမ်းနိုင်မှာသေချာ

ရန်ကုန် စက်တင်ဘာ ၅

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၅)ကို ယနေ့ မွန်းလွဲ ၂နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၅) သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၌ဖွဲ့စည်းထူထောင်ထားသည့် ပုဂ္ဂလိကစက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့် အေးသာယာ(တောင်ကြီး)စက်မှုဇုန် သုံးဇုန်၌ ခေတ်မီ Foundry Shop၊ Press Shop၊ Forging Shop၊ Heat Treatment Shop နှင့် Machine Shop တို့ ထူထောင်ပြီးဖြစ်၍ ယခုအခါ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် သံထည်ပစ္စည်းများကို စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ခေတ်မီသံနှင့် သံထည်ပစ္စည်းကိုင်တွယ်မှုလုပ်ငန်းကို အခြေခံကျကျ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၆-၉-၂၀၀၅
(အင်္ဂါနေ့)

ဆည်တမံများ ရေရှည်တည်တံ့အောင် ထိန်းသိမ်း တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး အားသွန်ကြိုးပမ်း

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတကြွယ်ဝသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်က အဆိုပါ အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေး အခြေအနေများ တိုးတက်မြင့်မားလာစေရန် နှင့် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန် အဘက်ဘက်က အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် အားပေးလျက်ရှိရာတွင် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး အစီအမံများကို အဓိကထားပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေရှားပါးသည့် ဒေသများ၌ ရေလှောင်တမံ စီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးနေကြောင်း တွေ့ရသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ဖောင်းကတာ ရေလှောင်တမံကို ဩဂုတ်လ ၂၈ ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ဖောင်းကတာရေလှောင်တမံသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်က နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့် ၁၇၇ ခုမြောက် ရေလှောင်တမံဖြစ်သကဲ့သို့ စစ်ကိုင်းတိုင်းအတွင်း တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်သည့် ၁၉ ခုမြောက် ရေလှောင်တမံလည်း ဖြစ်သည်။

စစ်ကိုင်းတိုင်း ဆားလင်းကြီးဒေသသည် မိုးနည်းရေရှားသောဒေသဖြစ်ရာ မိုးကာလမှာပင် စိုက်ပျိုးရေအလုံအလောက် မရရှိခဲ့ပေ။ ပူပြင်းခြောက်သွေ့မှုကြောင့် စိုက်ပျိုးရေအတွက်သာမက သန့်ရှင်းသော သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့ခဲ့ကြရသည်။

ယခုအခါ အဆိုပါဒေသ၌ ဖောင်းကတာ ရေလှောင်တမံအပါအဝင် ဆားလင်းကြီးရေလှောင်တမံ၊ ငွေသာရေလှောင်တမံတို့ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ရာ ဆည်ရေသောက်လယ်မြေများ ဆက်စပ်ပေါ်ထွန်းလာမည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုပါ အကျိုးပြုလျက်ရှိနေပေသည်။

အထူးသဖြင့် ဆားလင်းကြီးမြို့နယ်တွင် ဖောင်းကတာရေလှောင်တမံကို တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့်အတွက် အဆိုပါဒေသရှိ ကျေးရွာအုပ်စုသုံးစုမှ စိုက်ပျိုးမြေဧက ၁၅၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်တော့မည်ဖြစ်သည်။ ယာမြေများမှသည် ဆည်ရေသောက်လယ်မြေများအဖြစ် ကူးပြောင်းတိုးတက်လာပြီး ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေးအတွက်ပါ အကျိုးခံစားကြရမည်ဖြစ်သည်။

ဆားလင်းကြီးဒေသရှိ အဆိုပါ ကျေးရွာအုပ်စုသုံးစုတွင် ယခင်က ပဲစင်းငုံနှင့်မိုးနှမ်းကို မူရင်းဧက ၁၀၀၀ ၌ ပထမသီးနှံအဖြစ် စိုက်ပျိုးကြပြီး ဒုတိယသီးနှံအဖြစ် ပဲမျိုးစုံဧက ၃၇၀ ခန့်ကိုသာ စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါ ဖောင်းကတာရေလှောင်တမံမှ ဆည်ရေသွင်း၍ မူရင်းဧက ၁၀၀၀ ၌ မိုးစပါး၊ ချည်မျှင်ရှည်ဝါနှင့် မိုးနှမ်းတို့ကို ပထမသီးနှံအဖြစ် စိုက်ပျိုးနိုင်မည့်အပြင် ဒုတိယသီးနှံကုလားပဲနှင့် ဆောင်းနှမ်းကို ဧက ၁၀၀၀၊ ထပ်မံ၍ တတိယသီးနှံအဖြစ် မိုးကြိုနှမ်း ဧက ၅၅၀ တို့ကို စိုက်ပျိုးလာနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်တစ်ဝန်း ယခုကဲ့သို့ ဆည်တာတမံပေါင်းများစွာကို ဖြန့်ကြက်တည်ဆောက်ပေးနိုင်မှုကြောင့် ဆည်ရေသောက် စိုက်ပျိုးမြေဧက နှစ်သန်းလေးသိန်းကျော်ကို အကျိုးပြုလျက်ရှိနေပြီဖြစ်သည်။ အလားတူ မြစ်ရေတင်စီမံကိန်းများသည်လည်း ကွန်ရက်သဖွယ် တည်ရှိလာပြီဖြစ်သည့်အတွက် နယ်မြေဒေသအသီးသီး၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို အထောက်အကူပြုလျက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ အားပေးကူညီဖြည့်ဆည်းပေးမှုများနှင့်အညီ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများက ဒေသစိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး အကျိုးပြုဆည်တမံများကို ရေရှည်တည်တံ့ အသုံးပြုနိုင်ရေးအတွက် စနစ်တကျထိန်းသိမ်းရင်း တစ်နှစ် နှစ်သီးမှသည် သုံးသီးအထိ တိုးချဲ့စိုက်ပျိုးနိုင်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အချက်အပြုတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အချက်အပြုတ်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့ တက်ရောက် အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊တပ်ဖွဲ့မှူးများ၊အရာရှိစစ်သည်များ၊တပ်ရင်း၊တပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အချက်အပြုတ်ပြိုင်ပွဲကို စတင်ကျင်းပရာ ပြိုင်ပွဲကြီးကြပ်ဒိုင်ချုပ် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်သက်မြိုင်က ပြိုင်ပွဲအမှတ်ပေး စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးတို့သည် တပ်ရင်း/တပ်ဖွဲ့ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းခွဲများ၏ တန်ဖိုးနည်း၍ အာဟာရပြည့်ဝသည့်အစားအစာများ ချက်ပြုတ်ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ဦးဆောင်၍ မိခင်နှင့် ကလေးတို့၏ ကျန်းမာရေးနှင့် အာဟာရ ပြည့်ဝစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းသို့ G.F.I မွေးမြူရေးနှင့် အစားအစာ ထုတ်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်လှလှသိန်းက C.J ကုမ္ပဏီမှ လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းနှင့် ဦးလှထွန်းမိသားစု (Toyo 2B စာရေးကိရိယာလုပ်ငန်း) က ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ် ၁၂သိန်းကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက အချက်အပြုတ်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများ ရရှိကြသည့် တပ်ရင်း/ တပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးက ပြိုင်ပွဲတွင် ကြီးကြပ်ဒိုင်များအဖြစ်ဆောင်ရွက်ခဲ့ကြသူများအား အမှတ်တရ လက်ဆောင်များပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွင်းရေးမှူး ဒေါ်စမ်းစမ်းအေးက ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးတိုင်းကျန်းမာရေးဦးစီးမှူးဒေါက်တာလှမြင့်ထံသို့ အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အချက်အပြုတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့က တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများ၏ တန်ဖိုးနည်း၍ အာဟာရပြည့်ဝသည့် အစားအစာများ ချက်ပြုတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှု အချက်အပြုတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး အချက်အပြုတ်ပြိုင်ပွဲ၌ ဆုရရှိကြသည့် တပ်ရင်း၊ တပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ဆင်ပေါင်ဝဲမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တာဝန်ရှိသူများ မိမိတာဝန်ယူထားသည့် နယ်မြေတိုးတက်အောင် ကွင်းဆင်းဆောင်ရွက် ယင်းသို့ဆောင်ရွက်ရာတွင် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင်

❁ **နိုင်ငံတော်မှ**

နှစ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မကွေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကိုးပင်–စမ်းမကြီး–သစ်ရာကောက် လမ်းကို ကျောက်ခင်းလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ မြှင့်တင်ရာတွင် စနစ်တကျ ဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါ မကွေး–သစ်ရာကောက်–ကိုးပင်–အောင်လံ ဖြတ်လမ်းသည် မူလ မကွေး–တောင်တွင်းကြီး–အောင်လံ လမ်းထက် ၂၆မိုင် နှစ်ဖာလုံ လျော့နည်းသည်။ ယင်း သစ်ရာကောက်–စမ်းမကြီး–ကိုးပင်လမ်း အရှည် ၂၁မိုင် သုံးဖာလုံအား မကွေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဖောက်လုပ်လျက်ရှိရာ မော်တော်ယာဉ်များသွားလာနိုင်သည့် အကျယ်ပေ ၃၀ရှိ မြေနီကျောက်စရစ် အမာခံလမ်းအဖြစ် ဖောက်လုပ်ပြီးဖြစ်သည်။ အဆိုပါလမ်း၌ တစ်မိုင်ကို ၂၂ပေအကျယ် ကတ္တရာလမ်းအဆင့် စတင်တိုးမြှင့်ခင်းရန် အတွက် ကျောက်ခင်းပြီး ငါးမိုင် သုံးဖာလုံကို ကျောက်ချောလမ်းအဆင့် တိုးမြှင့်ခင်းရန် ကျောက်များ စုဆောင်းထားပြီးဖြစ်ကြောင်း သိရှိရသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က မကွေးတိုင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ဖောက်လုပ်နေမှု၊ လမ်းခင်းကျောက် စုဆောင်းထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)မှာ မန္တလေးတိုင်းနှင့် မကွေးတိုင်း နယ်နိမိတ် အိုင်မနက်ချောင်းမှ စတင်၍နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီးမြို့များကိုဖြတ်သန်းကာ မကွေးတိုင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) နယ်နိမိတ်ဖြစ်သည့် အောင်လံမြို့နယ် ဗျန်ဒီကျေးရွာအနီးသို့ ဆက်သွယ်ဖောက်လုပ်ထားပြီး မကွေးတိုင်းတွင် အရှည် ၁၃၂မိုင် ခြောက်ဖာလုံ ဖြစ်သည်။

လမ်းအရှည် ၁၃၂မိုင် ခြောက်ဖာလုံတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူထားသည့် ၅၇မိုင် သုံးဖာလုံမှာ ကတ္တရာလမ်းခင်းပြီး မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူထားသည့် ၇၅မိုင် သုံးဖာလုံ အနက် မိုင် ၄၀ ခြောက်ဖာလုံကို ကျောက်ချောလမ်းခင်းပြီးဖြစ်ကြောင်း သိရှိရသည်။

ပြည်သာယာစိုက်ပျိုးရေးကုမ္ပဏီ

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သစ်ရာကောက် ကိုးပင် ဖြတ်လမ်းပေါ်ရှိ ပြည်သာယာစိုက်ပျိုးရေးကုမ္ပဏီ လီမိတက်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံက ကုမ္ပဏီ၏ ရည်ရွယ်ချက်၊ တည်နေရာ၊ ကုမ္ပဏီဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ လုပ်ငန်းဆောင်ရွက်မှုနှင့် သီးနှံများ စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ပြည်သာယာ စိုက်ပျိုးရေးကုမ္ပဏီလီမိတက်အနေဖြင့် ပြည်ပပို့ကုန်အဖြစ်နှမ်းကို အဓိကထားစိုက်ပျိုးပြီး နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ အစေ့ထုတ်ပြောင်းနှင့် နှံစားပြောင်း စုစုပေါင်း ၁၄၇၅ ဒသမ ၇၈ဧကနှင့် နှစ်ရှည်သီးနှံဖြစ်သည့် ဒန့်သလွန်၊ တမာ၊ မန်ကျည်း၊ ပေါက်ပန်းဖြူ၊ သြော်ရေးသျှ၊ ပိန္နဲ၊ ဇီးနှင့် သရက်ပင်များ စတင်စိုက်ပျိုးထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စိုက်ကွင်းအတွင်း၌ ရိတ်သိမ်းပြီး နှမ်းပင်များ နေလှန်းထားမှု၊ စိုက်ပျိုးထားသည့် ပြောင်းခင်း အခြေအနေတို့ကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၅/၅)၌ လမ်းအခြေအနေနှင့် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုတို့ကိုလည်းကောင်း၊ ပြည်သာယာစိုက်ပျိုးရေး ကုမ္ပဏီက စိုက်ပျိုးထားသည့် နှမ်းနှင့် ပဲစင်းငုံ သီးညှပ်စိုက်ခင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

လမ်းအခြေအနေ ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီး–အောင်လံလမ်းနှင့် သစ်ရာကောက်–ကိုးပင်လမ်းဆုံသို့ ရောက်ရှိကြပြီး လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကိုးပင်–ဆင်ပေါင်ဝဲလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဆင်ပေါင်ဝဲမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းက ဆင်ပေါင်ဝဲမြို့နယ်၏ မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ စိုက်ပျိုးရေရရှိမှု၊ ဆည်၊ ကန်၊ ရေလှောင်တမံနှင့် မြစ်ရေတင်လုပ်ငန်းများဖြင့် မိုးစပါးစိုက်ပျိုးနိုင်မှု၊ သီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်မှု၊ ဒေသဝမ်းစာ ဖူလုံမှုနှင့် စားသုံးဆီဖူလုံမှု အခြေအနေ၊ သားငါးထုတ်လုပ်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ဆင်ပေါင်ဝဲမြို့သည် အတွင်းပိုင်းကျသဖြင့် လမ်းပန်းဆက်သွယ်ရေး၌ ဝေးလံမှုရှိသော်လည်း စီးပွားရေးအရ ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ တာဝန်ရှိသူများက မိမိတို့တာဝန်ယူထားသည့် နယ်မြေအနှံ့သို့ သွားရောက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတိုးတက်အောင်၊ ကျန်းမာရေးအသိပညာများတိုးတက်အောင်၊ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားအောင် ကွင်းဆင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူများနှင့်အတူ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပါက ဆင်ပေါင်ဝဲမြို့နယ်သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်နည်းတူ အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတများတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး ရေသိုလှောင်ကန်သို့ ရောက်ရှိကြရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် အင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်းတို့က ဧရာဝတီမြစ်ရေကို သိုလှောင်ပြီး မြို့နေပြည်သူများအား ရေပေးဝေမည့် ရေစစ်ကန်နှင့် ဂါလန်ခြောက်သောင်းဆံ့ ရေစုကန်အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကြည်ဝင်းက လိုက်လံရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ပေါင်ဝဲမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းရှိ Computer Aided Instruction Room၊ Computer Skills Room နှင့် e-Education Learning Centre တို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ကြည်တို့က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

နှမ်းစိုက်ခင်းများ ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ပေါင်ဝဲမြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဆင်ပေါင်ဝဲ–ကိုးပင်လမ်းမိုင်တိုင် အမှတ်(၇/၅)သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိကြပြီး ဆင်ပေါင်ဝဲ–ကိုးပင်လမ်း အခြေအနေနှင့် လမ်းဘေးဝဲ/ယာ၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် နှမ်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယာစပါးခင်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့နယ် အောင်လံ– တောင်တွင်းကြီးလမ်းပေါ်ရှိ ပရပ်ကြယ်ကျေးရွာသို့ ညနေ ၃နာရီ ၁၀မိနစ်တွင် ရောက်ရှိကြပြီး ပရပ်ကြယ်ကျေးရွာအနီး၌ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသည့် ယာစပါးဧက ၈၃၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးခင်မောင်မြင့်က ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အောင်လံ–တောင်တွင်းကြီးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင်အမှတ်(၂၆၅)သို့ ရောက်ရှိကာ ရန်ပယ် ဆည်ရေသောက် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ မိုးစပါးဧက ၁၀၀စံပြကွက်ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မကွေးတိုင်း တိုင်းမန်နေဂျာ ဦးကျော့မောင်က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

မိုးစပါးစိုက်ခင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရန်ပယ်ဆည်ရေသောက် မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ရန်ပယ်ဆည်ရေသောက် မိုးစပါးစိုက်ဧကကို သတ်မှတ်လျာထားသည့် ၈၇၁၅ ဧက ပြည့်မီအောင် စိုက်ပျိုးရန် မှာကြားသည်။

ရန်ပယ်ရေလှောင်တမံမှ ဆည်ရေဖြင့် မိုးစပါး ၈၇၁၅ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ဧက ၆၅၀၀ ပျိုးထောင်ပြီးစီး၍ ဧက ၆၃၆၀ စိုက်ပျိုးပြီးစီးပြီးဖြစ်ပြီး သတ်မှတ်လျာထားဧကပြည့်မီအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီး–အောင်လံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် အောင်လံမြို့သို့ ရောက်ရှိညအိပ်ရပ်နားသည်။
(သတင်းစဉ်)

✡ **အာဆီယံမှ**

ရွှေတိဂုံဘုရားလမ်းဆုံအထိ၊ ဆက်လက်၍ ရွှေတိဂုံဘုရားလမ်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံအထိ၊ ၎င်းမှ ဗိုလ်ချုပ်ဈေးရှေ့ကိုဖြတ်ကာ ကုန်သည်ကြီးများ ဟိုတယ်ထောင့်လမ်းဆုံမှ အလံပြဘုရားလမ်းအတိုင်း သမ္မတရုပ်ရှင်ရုံရှေ့မှ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းပွဲကြည့်စင်အထိ မော်တော်ယာဉ်များဖြင့် လှည့်လည်ဂုဏ်ပြုခံမည် ဖြစ်သည်။

အောင်ဆန်းအားကစားပြိုင်ဝင်း၌ မွန်းလွဲ ၁၂နာရီခွဲမှစတင်၍ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအား ကြိုဆိုဧည့်ခံ ဖျော်ဖြေကြမည်ဖြစ်သည်။
(သတင်းစဉ်)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲ(သတ္တမအကြိမ်)ကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပါမည်–

နေ့ရက် – ၇–၉–၂၀၀၅(ဗုဒ္ဓဟူးနေ့)
အချိန် – မွန်းလွဲ ၂း၃၀နာရီ
နေရာ – ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့

စာအုပ်/ငွေပဒေသာပင်လှူဒါန်းလိုကြသော စေတနာရှင်၊ အလှူရှင်များသည် အချိန်မီတက်ရောက် လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများဆက်သွယ်ပါရန်–
၂၄၅၆၁၅၊ ၂၄၅၆၂၄၊ ၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၂၅၂၄၅၁၊ ၂၅၂၄၅၈။

ပြန်ကြားရေးဝန်ကြီးဌာန

အီရတ်စစ်ပွဲတွင် ကန်တပ်ဖွဲ့ဝင်၁၈၈၈ဦးသေဆုံး

ဝါရှင်တန် စက်တင်ဘာ ၄

၂၀၀၃ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲစတင်ခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် သေဆုံးခဲ့ရသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ယခုနှစ်စက်တင်ဘာ ၃ရက်အထိ ၁၈၈၈ ဦးထက်မနည်းရှိကြောင်း အေပီသတင်းဌာန၏ စစ်တမ်းတစ်ရပ်တွင်ဖော်ပြထားသည်။

အီရတ်တွင်သေဆုံးသည့်အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၁၄၆၄ ဦးထက်မနည်းမှာ ခုခံသူများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်း ဖြစ်ကြောင်း၊ ၎င်းတို့တွင်အမေရိကန်တပ်ဖွဲ့၌တာဝန်ထမ်းဆောင်နေသော အရပ်သားငါးဦးလည်း ပါဝင်ကြောင်း အဆိုပါ စစ်တမ်းတွင် ဖော်ပြထားသည်။

အေပီသတင်းဌာန၏ စစ်တမ်းပါ အမေရိကန်တပ်ဖွဲ့၏ သေဆုံးရမှုဦးရေသည် အမေရိကန်ကာကွယ်ရေးဌာနက ကောက်ယူသောစာရင်းအင်းပါ ဖော်ပြချက်ထက် ငါးဦးပိုမိုများပြားသည်။

အီရတ်နိုင်ငံတွင် အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင်များသေဆုံးရသမျှမှာ ဗြိတိန်တပ်ဖွဲ့မှ ၉၃ဦး၊အီတလီ၂၆ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန်၁၇ဦး၊ ဘူဂေးရီးယား၁၃ဦး၊ စပိန်၁၁ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန်တို့မှ နှစ်ဦးစီ၊ ဒိန်းမတ်၊ ဟန်ဂေရီ၊ကာဇက်စတန်နှင့် လတ်ဗီးယားနိုင်ငံတို့မှ တစ်ဦးစီဖြစ်ကြသည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံနယူးအော်လင်းစ်မြို့မှ ကက်ထရီနာမုန်တိုင်းဒဏ်ခံရသည့်ဒုက္ခသည်များကိုကယ်ဆယ်ရန်သွားနေသော မော်တော်ယာဉ်တန်းကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကုန်စည်ဈေးနှုန်း တည်ငြိမ်မှုရှိရေး ကမ္ဘာ့နိုင်ငံများ ကြိုးပမ်းသင့် ကုန်သွယ်ရေးမညီမျှမှု လျှော့ချရန် ကုလသမဂ္ဂအေဂျင်စီတိုက်တွန်း

ဂျီနီဗာ စက်တင်ဘာ ၃

ကမ္ဘာ့နိုင်ငံများသည် ရေနံဈေးနှုန်းနှင့် ရေနံမဟုတ်သော ကုန်ပစ္စည်းများ၏ ဈေးနှုန်းများအပါအဝင် ကုန်စည်ဈေးနှုန်းအရပ်ရပ် တည်ငြိမ်မှုရှိစေရေးအတွက် ကြိုးပမ်းလုပ်ဆောင်ကြရန် ကုလသမဂ္ဂစီးပွားရေး ပညာရှင်များက သောကြာနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

ကုန်စည်ဈေးနှုန်းအရပ်ရပ် တည်ငြိမ်မှုမရှိခြင်းသည် ကမ္ဘာ့ဆင်းရဲသောနိုင်ငံများအတွက်ရော ချမ်းသာသောနိုင်ငံများအတွက်ပါ စီးပွားရေးဆုတ်ယုတ်မှု ဘေးအန္တရာယ်ကို ပေါ်ပေါက်စေနိုင်ကြောင်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေး အေဂျင်စီ(အန့်တက်)၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရေးသားထား

ကမ္ဘာ့နိုင်ငံများအကြား ကုန်သွယ်ရေးမညီမျှမှု ကြီးထွားလာနေခြင်းကို ပြန်လည် တည့်မတ်ပေးရန် လိုအပ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုကို ထိခိုက်စေနိုင်သည့် ဘေးအန္တရာယ်များ ကျရောက်ခြင်းမှ တားဆီးရန်လိုအပ်ကြောင်း အန့်တက်၏ အစီရင်ခံစာတွင် ရေးသားထားသည်။

ကမ္ဘာ့စီးပွားရေး တိုးတက်မှု၏ ဝင်ရိုးသစ်များအဖြစ် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ပေါ်ထွက်လာချိန်တွင် စွမ်းအင်အတွက်သာမက ရော်ဘာ၊ သစ်၊ စားသောက်ကုန် ပစ္စည်းများကဲ့သို့သော ကုန်စည်ပစ္စည်းများအတွက် ဝယ်လိုအား တိုးတက်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ အကြားတွင် အလွန်အမင်း ဆင်းရဲမွဲတေမှု ဦးရေများပြားနေမှုသည်ဆိုးရွားသောပြဿနာတစ်ရပ်ဖြစ်နေကြောင်း၊ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိရေး ပြဿနာသည် အရေးကြီးကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှု ရှိအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာ့ဆင်းရဲသော နိုင်ငံများသည် ရေနံဈေးနှုန်း မြင့်တက်မှုဒဏ်ကို အဆိုးရွားဆုံးခံစားကြရကြောင်း အန့်တက်အဖွဲ့၏ အတွင်းရေးမှူးချုပ် စုပါချိုင်းပါနစ်ချပက်ဒီကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တွင် ရေနံပိုက်လိုင်းဗုံးခွဲခံရပြီး မီးလောင်မှုဖြစ်ပွား ပြည်ပသို့ရေနံစိမ်းတင်ပို့မှုများ ရပ်ဆိုင်းထားရ

ကယ်ကွတ် စက်တင်ဘာ ၄

တူရကီနိုင်ငံ မြေထဲပင်လယ် ကမ်းရိုးတန်းရှိ ဆေဟန်မြို့သို့ ဆက်သွယ်ထားသော အရေးပါသည့် ရေနံပိုက်လိုင်းတစ်လိုင်း တည်ရှိရာနေရာတွင် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံ ကယ်ကွတ်မြို့၏ ရေနံစိမ်းတင်ပို့မှုအရပ်ရပ် ရပ်ဆိုင်းသွားရကြောင်း အီရတ် ရေနံလုပ်ငန်းဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရပ်ဆိုင်းထား

ရေနံပိုက်လိုင်း ဗုံးခွဲခံရကာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခြင်းကြောင့် ရေနံစိမ်းတင်ပို့မှုအားလုံး ရပ်ဆိုင်းထားလိုက်ရကြောင်း ရေနံလုပ်ငန်းဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ရေနံပိုက်လိုင်းတည်ရှိရာ နေရာတွင် စနေနေ့အစောပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နာရီပေါင်း အတန်ကြာမျှ မီးလောင်ကျွမ်းခဲ့ကြောင်း ရေနံပိုက်လိုင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အဆိုပါ ရေနံပိုက်လိုင်းသည် အီရတ်နိုင်ငံမြောက်ပိုင်းရှိ အဓိက ရေနံမြေတည်ရှိရာ ကယ်ကွတ်မြို့မှ တူရကီနိုင်ငံ ဆေဟန်မြို့သို့ ဆက်သွယ်ထားသည်။ ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နေရာမှာ ကယ်ကွတ်မြို့နှင့် ဘေဂျီမြို့အကြားရှိ ဒေသတစ်ခု ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသော်လည်း အသေးစိတ် ဖော်ပြခြင်းမရှိပေ။

ဗုံးထောင်ဖောက်ခွဲ

ကယ်ကွတ်မြို့ အနောက်တောင်ဘက် မိုင် ၆၀ အကွာ ဖာသာမြို့မှ ၂၁သမ ၅ မိုင်ခန့် အကွာနေရာရှိ ရေနံပိုက်လိုင်းတည်ရာတွင် ဗုံးထောင်ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူ အခြားတစ်ဦးက ပြောကြားသည်။

ဆက်လက်ဖြစ်ပေါ်

ရေနံပိုက်လိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လောင်ကျွမ်းသည့်မီးကို ငြိမ်းသတ်နိုင်ပြီ ဖြစ်သော်လည်း ပေါက်ကွဲသွားသည့် ရေနံပိုက်လိုင်းမှနေ၍ ရေနံယိုစိမ့်မှုဆက်လက်ဖြစ်ပေါ်နေကြောင်း မြောက်ပိုင်းရေနံကုမ္ပဏီမှ မီးသတ်ဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

အကြမ်းဖက်မှုဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း ဗြိတိန်နိုင်ငံတင်သွင်း ကုလသမဂ္ဂတွင် ကမ္ဘာ့ခေါင်းဆောင်များ အချေအတင်ဆွေးနွေးမည်

ကုလသမဂ္ဂ စက်တင်ဘာ ၄

အကြမ်းဖက်မှုကို လှုံ့ဆော်အားပေးသည့် လုပ်ရပ်များအား တိုက်ဖျက်ရန် ဖော်ပြသည့် ဆုံးဖြတ်ချက် မူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီထံ ဗြိတိန်နိုင်ငံက စနေနေ့တွင် တင်သွင်းလိုက်သည်။ ထိုစဉ်အတွင်း ကုလသမဂ္ဂသံတမန်များသည် အကြမ်းဖက်မှုဟူသော ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်စေရန် ကုလသမဂ္ဂ နှစ်ပတ်လည်အထွေထွေညီလာခံ အကြိုအစည်းအဝေးတစ်ရပ်ကို ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပလျက်ရှိသည်။

အရှိန်အဟုန်မြှင့်

ဗြိတိန်နိုင်ငံသည် လန်ဒန်ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ချိန်မှစ၍ အကြမ်းဖက်မှု တိုက်ဖျက်ရေး အစီအစဉ်များကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်လျက်ရှိသည်။ လာမည့် စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကုလသမဂ္ဂ ဌာနချုပ်တွင် ကမ္ဘာ့ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံကျင်းပသည့်အခါ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် လုံခြုံရေးကောင်စီထံ မူကြမ်းတင်သွင်းခြင်းဖြစ်သည်။

ကမ္ဘာ့ခေါင်းဆောင်များ ထိပ်သီးညီလာခံ၏ အရေးတကြီးကိစ္စရပ် သုံးခုအနက် တစ်ခုမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးတို့မှာ အခြားကိစ္စရပ် နှစ်ခုဖြစ်ပြီး ဤသည်တို့မှာ ဆွေးနွေးရန် အစီအစဉ်တွင် ထိပ်တန်းမှပါဝင်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဗြိတိသျှ အထူးသံတမန် အမ်မီယာ ဂျုံးပယ်ရီက ပြောကြားသည်။

တားဆီးကာကွယ်

အကြမ်းဖက်မှုကျူးလွန်ရန် လူတစ်ဦးတစ်ယောက်ကို လှုံ့ဆော်ခြင်းမှ ပြည်သူတို့က တားဆီးကာကွယ်နိုင်စေရေးအတွက် အစိုးရအဖွဲ့များက လုပ်ဆောင်ရန်တိုက်တွန်းသောဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို မိမိတို့ တင်သွင်းထားကြောင်း ၎င်းက ပြောကြားသည်။

လွတ်လပ်စွာ ပြောဆိုခွင့် ရရှိရေးသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သော်လည်း အကြမ်းဖက်မှုကို လှုံ့ဆော်သည့် အပြုအမူများ မဖြစ်ပေါ်စေရန် လွတ်လပ်စွာ ပြောဆိုခွင့်ကို ကန့်သတ်မှုပြုလုပ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ ပီတီအိုင်။***

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများအသီးသီး ဖြစ်ပွား အီရတ်၁၆ဦးနှင့် ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၄

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြောက်ဘက် ဒီယာလာပြည်နယ်တွင် စနေနေ့ကဖြစ်ပွားသော သီးခြား တိုက်ခိုက်မှု ဖြစ်ရပ်များအတွင်း အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၆ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က စီအင်အင်သတင်းဌာနအား ပြောကြားသည်။

ထိုစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ကပြောကြားရာတွင်ယခုရက်သတ္တပတ်အတွင်း အမေရိကန် တပ်ဖွဲ့ဝင်နောက်ထပ် သုံးဦးသေဆုံးကြောင်း၊ ၎င်းတို့အနက် နှစ်ဦးမှာ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးရပြီး တစ်ဦးမှာမူ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးရကြောင်း ဖော်ပြသည်။

စနေနေ့ကသေဆုံးသောအီရတ်လူမျိုး ၁၆ ဦးအနက် ခုနစ်ဦးမှာ အီရတ်ရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြပြီး နှစ်ဦးမှာ အီရတ်တပ်ဖွဲ့ဝင်များဖြစ်ကြကြောင်း၊ဘာကူဘာမြို့အနီး ဘူရစ်မြို့အနီးရှိ စစ်ဆေးရေးစခန်းတစ်ခုကို ခုခံတိုက်ခိုက်ရေးသမားများကစက်သေနတ်များနှင့်ဒုံးပစ်လောင်ချာတို့ဖြင့်ပစ်ခတ်တိုက်ခိုက်ရာမှ၎င်းတို့သေဆုံး ခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးမှာ ဒဏ်ရာ ရရှိကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အီရတ်နိုင်ငံခါလစ်မြို့နှင့်အက်ဒ်ဟိန်းမြို့တို့ကို ဆက်သွယ်သော လမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်တစ်ဂိတ်ကို သေနတ်သမားများကတိုက်ခိုက်ခဲ့ရာတွင် အီရတ်တပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဘာကူဘာမြို့ရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ရဲတပ်ဖွဲ့ဝင်များကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ၌ ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံးခဲ့သည်။

အင်တာနက်။

အင်ဒိုနီးရှားနိုင်ငံ မီဒန်မြို့၌ လေယာဉ်ပျက်ကျ လူ ၁၀၀ သေဆုံး၊ ၁၇ဦး အသက်ရှင်

ဂျကာတာ စက်တင်ဘာ ၅

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားမြောက်ပိုင်း ပြည်နယ်မြို့တော် မီဒန်မြို့၏ လူနေရပ်ကွက်အတွင်းသို့ စက်တင်ဘာ ၅ရက်က ဘိုးရင်း-၇၃၇-၂၀၀ အမျိုးအစား လေယာဉ်တစ်စင်းပျက်ကျခဲ့သဖြင့် လေယာဉ်ပေါ်တွင် လိုက်ပါသွားသူ ၁၁၇ဦးအနက် လူ ၁၀၀ သေဆုံးပြီး ၁၇ဦး အသက်ဘေးမှ လွတ်မြောက်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထိုလေယာဉ်မှာ မီဒန်မြို့လေဆိပ်မှအတက်တွင် ပျက်ကျရခြင်းဖြစ်ပြီး လေယာဉ်ပျက်ကျသည့်အတွက် နေအိမ်များမှာလည်း မီးလောင်ကြောင်း သိရသည်။ ယင်းလေယာဉ်မှာ အင်ဒိုနီးရှားနိုင်ငံ ပြည်တွင်းလေကြောင်းလိုင်းတစ်ခုဖြစ်သည့် မင်ဒလာလေကြောင်းလိုင်းပိုင် လေယာဉ်ဖြစ်ပြီး ခရီးစဉ်တွင် လူ ၁၁၇ဦး လိုက်ပါသွားကြောင်း လေကြောင်းလိုင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အယ်လ်အာဒါးမီးယားအရပ်တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူဝန်ကြီးချုပ် ချင်းမိုင်သို့ ရောက်ရှိ
ပင်လယ်ဓားပြတိုက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမည်

ဗန်ကောက် စက်တင်ဘာ ၄

ထိုင်းနှင့် စင်ကာပူနိုင်ငံတို့သည် ပင်လယ်ဓားပြတိုက်မှုတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကန်တသီဆုဖမုန်ခွန်က သောကြာနေ့တွင် ပြောကြားသည်။

စင်ကာပူဝန်ကြီးချုပ် လီရှန်လောင်းသည် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်ပြည်နယ်သို့ သောကြာနေ့ နံနက်က ရောက်ရှိလာကြောင်း၊ ၎င်း၏နှစ်ရက်ကြာခရီးစဉ်အတွင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်လည်းကောင်း၊ ဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်နှင့် လည်းကောင်း အလွတ်သဘောဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ထိုင်းသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ထိုင်းနှင့် စင်ကာပူဝန်ကြီးချုပ်တို့၏ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံစလုံးအတွက် မဟာဗျူဟာမြောက် ရေလမ်းကြောင်းဖြစ်သော မလက္ကာ ရေလမ်းကြောင်းလုံခြုံရေးကိစ္စရပ်ကို ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

ထိုင်းနှင့် စင်ကာပူနိုင်ငံတို့သည် ပင်လယ်ဓားပြတိုက်မှု တိုက်ဖျက်ရေး သဘောတူညီချက်တစ်ရပ်ကို အကောင်အထည်ဖော်ခြင်းဖြင့် အာရှတိုက်၏ ပင်လယ်ရေကြောင်း လုံခြုံရေးကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်နှစ်ဦးသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်ကိစ္စရပ်ကိုလည်း ဆွေးနွေးကြမည်ဖြစ်ကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံသည် အငယ်စားနှင့် အလတ်စားကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်လာစေရန် စင်ကာပူနိုင်ငံထံမှ အကူအညီများ ရယူသွားမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သားကဏ္ဍ တိုးတက်လာစေရန်လည်း စင်ကာပူနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းမှာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ထိုင်းသတင်းအေဂျင်စီ၏ သတင်းတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ မြို့တော် တိုကျိုတွင် ကျင်းပသည့် ကျောင်းကပွဲ၌ ပါဝင်ဆင်နွဲမည့် ကလေးများကို စက်တင်ဘာ ၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်တွင် မြေလျှင်ဒဏ် ကာကွယ်ရေးလေ့ကျင့်

တိုကျို စက်တင်ဘာ ၄

ငလျင်ကြီးတစ်ခု ကျရောက်လာခဲ့လျှင် မည်သို့ပြုမူရမည်ဆိုသော အရေးပေါ်အခြေအနေ သရုပ်ပြလေ့ကျင့်ခန်းတစ်ခုကို ဂျပန်နိုင်ငံက စက်တင်ဘာ ၁ ရက်တွင် စမ်းသပ်လေ့ကျင့်သည်။

အဆိုပါလေ့ကျင့်ခန်းမျိုးကို နှစ်စဉ်ကျင်းပနေကျဖြစ်ပြီး ယခုနှစ် လေ့ကျင့်ရာတွင် ပြည်သူ တစ်သန်း ပါဝင်ကြောင်းသိရသည်။ တိုကျိုမြို့နှင့် ပတ်ဝန်းကျင်ဒေသ၌လည်း ငလျင်ကြီးကျရောက်သည်ဟု သဘောထားကာ ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချိရောကိုအိဇုမိ ကိုယ်တိုင်ပါဝင်သော အရေးပေါ်အစည်းအဝေး အတုတစ်ခုကိုလည်း ကျင်းပခဲ့သည်။

လာမည့်ဆယ်စုနှစ်ကာလတွင် ဂျပန်နိုင်ငံ အဓိကကျွန်းမကြီး၏ ပစိဖိတ်သမုဒ္ဒရာဘက်ခြမ်းတွင် ကြီးမားသော ငလျင်ကြီးသုံးခု ကျရောက်နိုင်ကြောင်း အစိုးရ၏ ကြိုတင်သတိပေးမှုများ ထုတ်ပြန်ထားသည်။ ထိုသတိပေးချက်များအနက် အင်အား ၆ အထက်ရှိသော ငလျင်တစ်ခုသည် တိုကျိုမြို့တော်တွင် တိုက်ရိုက်ကျရောက်နိုင်ကြောင်း ခန့်မှန်းထားချက်လည်း ပါဝင်သည်။ ထိုငလျင်ကြောင့် လူ ၁၀၀၀၀၀ ကျော် သေဆုံးနိုင်ဖွယ်ရာရှိသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီတလီတွင် ခရီးသည်တင်လေယာဉ် စက်ချွတ်ယွင်း၍ အရေးပေါ်ဆင်းသက်ခဲ့ရ

ရောမ စက်တင်ဘာ ၅

ခရီးသည်တင်လေယာဉ်တစ်စင်းသည် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် စက်တင်ဘာ ၃ ရက်က အီတလီနိုင်ငံ ပန်တာလီရာကျွန်းတွင် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အီတလီမြို့ပြ လေကြောင်းအေဂျင်စီက ထုတ်ဖော်ပြောကြားသည်။

အဆိုပါ အဖြစ်အပျက်ကြောင့် လေယာဉ် အရေးပေါ် ဆင်းသက်ခဲ့ရသော်လည်း လိုက်ပါလာသူ လေယာဉ်အဖွဲ့သားများနှင့် ခရီးသည် ၂၇ဦးတို့မှာ ဘေးမသီ ရန်မခရှိကြကြောင်း သိရသည်။

အရေးပေါ် ဆင်းသက်ခဲ့ရသော လေယာဉ်အမျိုးအစားမှာ အေတီအာ-၄၂-၃၂၀ အမျိုးအစားဖြစ်သည်။ ထိုလေယာဉ်သည် စစ္စလီအနောက်ပိုင်းရှိ ထရာပါနီမြို့မှ တောင်ဘက် ပန်တာလီရာမြို့ဆီသို့ ပျံသန်းလာသော လေယာဉ်ဖြစ်သည်။ ပျံသန်းနေစဉ် အတွင်း ညပိုင်း ၇ နာရီခန့်တွင် လေယာဉ် စက်ချွတ်ယွင်းနေကြောင်း လေယာဉ်မှူးက သတင်းပို့ပြီးနောက် အရေးပေါ် ဆင်းသက်ခဲ့ခြင်းဖြစ်သည်ဟု မြို့ပြလေကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး လောရီဒါနာ ရီဆာတီက ပြောကြားခဲ့သည်။

လေယာဉ် အရေးပေါ်ဆင်းသက်ရမည်ဖြစ်ကြောင်း သတင်းရပြီးနောက် ထိုလေယာဉ် ဆင်းသက်နိုင်ရေးကိစ္စများ အမြန် စီစဉ်ဆောင်ရွက်ထားရှိကာ ဆင်းသက်ခွင့်ပြုခဲ့ကြောင်း၊ လေယာဉ်မှာ အရေးပေါ်ဆင်းသက်ရသည်ဆိုသော်လည်း ပုံမှန်အနေအထားအတိုင်း ကွင်းသို့ဆင်းသက်လာနိုင်ခဲ့ကြောင်း ရီဆာတီက ပြောကြားသည်။ ပြီးခဲ့သော ဩဂုတ်လ ၆ ရက်နေ့ကလည်း စစ္စလီကျွန်းမြောက်ဘက် ပင်လယ်ပြင်အတွင်းသို့ လူ ၁၆ ဦးတင်ဆောင်လာသော လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လိုက်ပါလာသူအားလုံး အသက်ဆုံးရှုံးသွားခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တာ့လင်မုန်တိုင်း တရုတ်အရှေ့ဘက်ကမ်းခြေတွင် ကျရောက် လူ ၉၅ ဦးသေဆုံး၊ ပျက်စီးဆုံးရှုံးမှု များပြား

ပေကျင်း စက်တင်ဘာ ၄

တရုတ်နိုင်ငံ အရှေ့ပိုင်းဒေသများတွင် တာ့လင်တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်သွားသည့်အတွက် မိုးအကြီးအကျယ်ရွာကာ ရေကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ရသဖြင့် သေဆုံးရသူဦးရေမှာ ၉၅ ဦး ရှိသွားပြီဖြစ်ကြောင်း တရုတ်မီဒီယာများက စက်တင်ဘာ ၄ ရက်တွင် ကြေညာသည်။

တာ့လင်မုန်တိုင်းသည် တရုတ်အရှေ့ဘက် ကမ်းခြေဒေသများသို့ စက်တင်ဘာ ၁ ရက်တွင် စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ထိုမုန်တိုင်းကြောင့် စီးပွားရေးအရ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ယွမ်ငွေပေါင်း ၇၁သမ၁ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၈၇၇ သန်းရှိမည်ဟု ခန့်မှန်းကြောင်း ဆင်ဟွာသတင်းဌာနက စက်တင်ဘာ၃ ရက်က ကြေညာခဲ့သည်။

ဇီချွမ်၊ အန်ဟွေးနှင့် ဖူကျန်ပြည်နယ်သုံးခုတွင် မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော အသေအပျောက်မှာ ၁၂၅ ဦးရှိကြောင်း၊ ယင်းအနက် ၉၅ဦးမှာ သေဆုံးဦးရေဖြစ်ပြီး လူ ၃၀ မှာ ပျောက်ဆုံးသူဦးရေဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ကွမ်စီးပြည်နယ်တွင်လည်း မုန်တိုင်းဒဏ်ကြောင့် တစ်ဦးသေဆုံးရကြောင်း ပေကျင်းသတင်းတွင် ဖော်ပြသည်။ မုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာမည်ကို ကြိုတင်သိရှိသည့်အတွက် တရုတ်အာဏာပိုင်များက မုန်တိုင်းလမ်းကြောင်းရှိ လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။တာ့လင်မုန်တိုင်းသည် တိုင်ဖုန်းမုန်တိုင်းအဆင့်မှ စက်တင်ဘာ ၂ ရက်တွင် အပူပိုင်းမုန်တိုင်း အဆင့်သို့ အင်အားလျော့ကျသွားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

လေကြောင်းပြပွဲ ဂရိတွင် ကျင်းပမည်

အေသင် စက်တင်ဘာ ၄

အပြည်ပြည်ဆိုင်ရာ လေကြောင်းပြပွဲကို စက်တင်ဘာ ၁၅ ရက်မှ ၁၈ ရက်တွင် ကျင်းပသွားရန်ရှိသည်ဟု သတင်းများထွက်ပေါ်လာသည်။

ကျင်းပ

အဆိုပါပြပွဲကို အာဂျင်ဂယ်ပ်စ် ၂၀၀၅ ဟုအမည်ပေးထားသည်။ အဆိုပါပြပွဲတွင် ဟယ်လင်းနစ် လေတပ်ဖွဲ့နှင့် ဗြိတိန်လေတပ်ဖွဲ့၏ ရက်အဲရိုးလေတပ်စုလည်း ပါဝင်မည်ဖြစ်သည်။ ပွဲတော်ကျင်းပမည့်နေရာမှာ ပင်လယ်ကမ်းခြေအနီး ဖာလီရိုအရပ်တွင်ဖြစ်သည်။

ရောက်ရှိ

ပွဲတော်တွင် ပါဝင်ဆင်နွှဲမည့် ရက်အဲရိုးလေတပ်စုသည် ဗြိတိန်နိုင်ငံမှ ဂရိနိုင်ငံအေသင်မြို့သို့ စက်တင်ဘာ ၅ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး အေသင်မြို့ အဲလက်ဖ်စီနာ လေတပ်အခြေစိုက် လေတပ်စခန်းတွင် စခန်းချမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တာ့လင်မုန်တိုင်း ကျရောက်ရာ တရုတ်နိုင်ငံ ဖူစောင်အရပ်တွင် တပ်မတော်သားများ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေကြသည်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြက်၊ ငှက် တုပ်ကွေးရောဂါ တိုက်ဖျက်ရေးဆေး အင်ဒိုနီးရှား သုတေသီတစ်ဦး တီထွင်

ဂျကာတာ စက်တင်ဘာ ၄

အင်ဒိုနီးရှားနိုင်ငံမှ သုတေသီတစ်ဦးဖြစ်သူ ဆူမာဒီက ကြက်၊ ငှက်တုပ်ကွေးရောဂါတိုက်ဖျက်ရေးဆေးကို တီထွင်လိုက်ကြောင်း၊ ယင်း၏အစွမ်းသတ္တိကို စိုက်ပျိုးရေးဝန်ကြီးဌာနအောက်ရှိ ယော့ယာကာတာ တိရစ္ဆာန်ဆေးကုဌာနတွင် စမ်းသပ်မှု ပြုလုပ်ခဲ့ကြောင်းဖြင့် အစိုးရအာဘော် အင်တာရာသတင်းဌာနက တနင်္ဂနွေနေ့ တွင် ဖော်ပြသည်။

အဆိုပါ ကြက်၊ ငှက်တုပ်ကွေး တိုက်ဖျက်ရေးဆေးကို ပရဆေးပင်များမှ ထုတ်ယူထားပြီး ယင်းဆေးပင်များကို ဂျဗားကျွန်း အရှေ့ပိုင်းဒေသအချို့တွင် အကန့်အသတ်ဖြင့် ရောင်းချနေကြောင်း ဆူမာဒီက ပြောကြားသည်။

ဆေးဝါးကုသမှုဆိုင်ရာ စမ်းသပ်ချက်ပထမဆင့်တွင် ကြက်၊ ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးရှိနေသည့် ကြက် ၁၂ကောင်မှ ၅၀ ရာနှုန်းသည် အဆိုပါဆေးပင်များမှ ထုတ်ယူထားသည့်အရာများ တိုက်ကျွေးရာ အသက်ရှင်သန်ကျန်ရစ်သည်ဟု ဆီမာရန်တက္ကသိုလ် စားနပ်ရိက္ခာနည်းပညာဌာနမှ ကထိက ဆူမာဒီက ပြောကြားသည်။

အဆိုပါဆေးပင်များမှ ထုတ်ယူထားသည့်ဆေးကို ကျန်းမာသန်စွမ်းသည့် ကြက်၊ ငှက်များအား တိုက်ကျွေးပါက ကြက်၊ ငှက်တုပ်ကွေးဖြစ်စေသည့် ဗိုင်းရပ်စ်ပိုးကို ခုခံနိုင်သည့်အစွမ်းရှိသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ဆူမာဒီသည် ဂျဗားကျွန်းအုပ်ချုပ်ရေးမှူးထံ ၎င်း၏ တီထွင်မှုသတင်းကို အကြောင်းကြားခဲ့ပြီးနောက် စိုက်ပျိုးရေးဝန်ကြီးနှင့် တွေ့ဆုံရန် စီစဉ်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြည်သူတွေ တိုးတက်လမ်း ကြိုးပမ်းတဲ့ပွဲ

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

* **ညီလေးတို့ဆီမှာ**
သာပါစ မေး။
ရွာလယ်ကောင်ကျောင်းကွင်း
ဘောသင်းနှင့်လေး။
* **အရီးလေးအေးသာ**
နေသာပါ့မေး။
ကျေးလက်ရွာ ဆေးပေးခန်းကြောင့်
ရွှင်လန်းပြီလေး။
* **ညီလေးတို့လယ်တော**
ရေပေါစမေး။
ချစ်ညီငယ်ထွန်ယက်လို့
ယာကွက်ဆို လယ်တရိုးမှာ
ပျိုးချပြီလေး။
* **ဘဘကြီး ဦးမြတ်ရာ**
စာတတ်စမေး။
အသုံးလုံး လုပ်အားပေးကြောင့်
ရေးဖတ်ပြီလေး။

မောင်မောင်ဇော်ဝင်းနောင်(ရွှေဆပ်လူး)

"စာမတတ်သူ ဒို့ဝိုင်းကူ" ဟူသော စာတတ်မြောက်ရေး အထိမ်းအမှတ် ဆောင်ပုဒ်နှင့်အညီ ဒေသခံမိဘပြည်သူများက စာမတတ်သူများကို ဝိုင်းဝန်းကူညီကြသကဲ့သို့ စာသင်ပေးသော ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဝိုင်းဝန်းစောင့်ရှောက်ကူညီကြပေသည်။ ပညာဒါနပြုသူ လူငယ်မောင်မယ်များကလည်း ဒေသခံ မိဘပြည်သူများနှင့် အတူနေ၊ အတူစား၍ ဒေသလုပ်ငန်းများတွင်ပင် တတ်အားသမျှ ဝိုင်းကူကြသည်။

တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြသော လူထုလှုပ်ရှားမှုတို့သည် အားကြိုးမာန်တက် ဆောင်ရွက်ကြရသည့် လုပ်ငန်းများသာဖြစ်သည်။ အားထုတ်ကြိုးပမ်းကြသည်နှင့်အမျှ ပင်ပန်းရကျိုးနပ်ခဲ့ပြီ။ အတ္တအကျိုး၊ ပရအကျိုးများစွာ ဖြစ်ထွန်းခဲ့သည်။ ထို့ကြောင့် စာမတတ်သူ ပပျောက်ရေး လူထုလှုပ်ရှားမှုသည် ထိုလုပ်ငန်းကိုသာ ပြီးစီးအောင်မြင်စေသည်မဟုတ်ဘဲ အစဉ်သင်ယူနေသော လူ့ဘောင် ဖြစ်ထွန်းရေးလုပ်ငန်းများကိုလည်း အောင်မြင်ထိရောက်စေသည်။ ပြည်သူလူထုတစ်ရပ်လုံး အမျိုးသားရေး အသိစိတ်ဓာတ်များ တရှိန်ရှိန်မြင့်မား တိုးပွား ရင့်သန်လာစေသည်။

မြန်မာမျိုးနွယ်စုတို့၏ ခေတ်သမိုင်းကို ပြန်လည်လေ့လာလျှင် တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်များတွင် ပါဠိစာပေ၊ သက္ကတစာပေ၊ မွန်စာပေ၊ ပျူစာပေ၊ မြန်မာစာပေ ဟူ၍ ပေါ်ပေါက်ခဲ့ကြပြီး ယနေ့တိုင် ဆင့်ကဲ ဆင့်ကဲ ဆက်လက် တိုးတက်ခဲ့သည်။ မြန်မာစာပေသည် ပုဂံခေတ်မှစ၍ ကျောက်စာအဖြစ် စတင်ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် မြန်မာစာပေသည် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည်။ သို့ရာတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်း၌ နယ်ချဲ့တို့၏ ကိုလိုနီ ရေစီးကြောင်းတွင် နစ်မြုပ်ခဲ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဩဝါဒစကားမြွက်ကြားရာတွင်–

"ကိုလိုနီလက်အောက် မြန်မာ့ရေးရာကို လေ့လာသုံးသပ်လျှင် ဖိနှိပ်မှု၊ သွေးစုပ်မှု၊ သွေးခွဲအုပ်ချုပ်မှုများ ခံစားခဲ့ရသည့်ကာလဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေများကို လွတ်လပ်ရေးရပြီးကာလတွင် စတင်ခံစားရကြောင်း၊ နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည့် ပြည်သူများသည် သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီး လွတ်လပ်သော အချုပ်အခြာ အာဏာပြန်လည်ရရှိရေး၊ ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ရေး မျှော်မှန်းချက်ဖြင့် စည်းလုံးညီညွတ်စွာ အားထုတ်ခဲ့မှုကြောင့် ၁၉၄၈ ခုနှစ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် မြန်မာနိုင်ငံတော်အဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့ကြောင်း" မိန့်ကြားခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ပြည်တွင်းသောင်းကျန်းမှု စစ်မီးလောင်မြိုက်ခြင်းခံရသဖြင့် မြန်မာနိုင်ငံ၏ စာမတတ်သူ ပပျောက်ရေး လှုပ်ရှားမှုမှာ မှေးမှိန်ခဲ့ရသည်။ ၁၉၆၄ ခုနှစ်မှစတင်၍ အစွမ်းကုန် ကြိုးစားခဲ့သည်။

"ကိုလိုနီအမွေဆိုး၊ ချိုးမယ်လို့ကြံရွယ်၊ ဖွဲ့စိတ်နဲ့ကွယ်၊ မြို့ကျောင်းက ဒို့လူငယ်၊ တောရွာဝယ်ခြေကိုချ၊ ကျေးရွာနေပြည်သူများ၊ အားတက်ရွှင်ပျ။

နည်းသစ်ကိုသုံး၊ အသုံးလုံးကျေစရာ၊ ဝိုင်းဝန်းလို့သာ၊ မှောင်ထဲက ကျေးရွာတွေ၊ သာပါစေစိတ်ထား၊ စေတနာဇရပွဲနဲ့၊ စာပြလုပ်အား။

ပြန်လှန်ကာစေတနာထား၊ ရှည်လျားတဲ့နေ့ရက်တွေ၊ ကုန်ခဲ့ပြီလေ၊ ချစ်စရာ့သည်လိုနွေ၊ ဒို့တစ်တွေမေ့နိုင်ဘဲ၊ ပြည်သူတွေတိုးတက်လမ်း၊ ကြိုးပမ်းတဲ့ပွဲ။

တစ်ချိန်တုန်းဆီက၊ မှောင်ဖုံးတဲ့သံသရာ၊ လွတ်မြောက်၍လာ၊ စာဖတ်သံသာ၊ ကျေးရွာရဲ့ရှုခင်း၊ ကြည့်လိုက်လျှင် မြင်တိုင်းလှ၊ အားတက်ရခြင်း။

စုပေါင်းလို့ ကြိုးပမ်းချက်၊ အမြတ်ထွက်လာပြီလေ၊ အသုံးလုံးကျေ၊ စာပန်းပွင့်တဝေဝေ၊ ရွာမြေနဲ့ ပန်းရ၊ ရေး တွက် ဖတ် အသုံးလုံးကို သီကုံးရွှင်ပျ။"

မောင်လူမင်း(စိုက်ပျိုးရေးတက္ကသိုလ်) ဖွဲ့ဆိုထားသကဲ့သို့ မြန်မာ့ကျေးလက်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာတို့ အားကြိုးမာန်တတ် ဖော်ဆောင်နိုင်ခဲ့ကြသည်။

ကမ္ဘာမှာ မြန်မာဟေ့ဟု ကျေးလက်ပညာရည် မြှင့်တင်ရေးနှင့် ပတ်သက်၍ မြန်မာ့အရည်အသွေးကို ဖော်ပြနိုင်ခဲ့သည်။

၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံစာတတ်မြောက်ရေး လူထုလှုပ်ရှားမှု (အသုံးလုံးကျေ စီမံကိန်း၊ မူလတန်းပညာ မသင်မနေရ စီမံချက်များ)ဖြင့် ဆောင်ရွက်ခဲ့ရာ စာမတတ်သူ ၅၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၁ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ စာတတ်မြောက်သူ ၇၈ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်။

မြန်မာနိုင်ငံ အသုံးလုံးကျေ (3Rs) စာတတ်မြောက်ရေး လှုပ်ရှားမှုကို ဆရာ၊ ဆရာမများ၊ တက္ကသိုလ်၊ ကောလိပ်မှ ကျောင်းသူ၊ ကျောင်းသားများ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ နယ်ချဲ့တို့ အမှောင်တိုက်သွင်းပြီး ပိတ်ပင်ထားခဲ့သော မြန်မာတို့၏ နားနှင့်မျက်စိများ ပြန်လည်ပွင့်လန်းကာ ပညာအလင်းရောင် ဆောင်နိုင်ခဲ့ပေသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံသည် ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီဇာပါလာဗီ စာတတ်မြောက်ရေးဆုချီးမြှင့်ခြင်းခံရသည်။ အလားတူပင် ၁၉၈၃ ခုနှစ်တွင် ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီးက ချီးမြှင့်သော နိုမာဆု (Nomar Prize)ကို ရရှိခဲ့ပြန်သည်။

နိုင်ငံတကာ စာမတတ်သူပပျောက်ရေးအတွက် မြန်မာနိုင်ငံ ပါဝင်ဆင်နွှဲခဲ့သော တစ်မျိုးသားလုံး စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် တက္ကသိုလ်၊ ကောလိပ်နှင့် ဆရာအတတ်သင်ကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အပါအဝင်စေတနာရှင်ပေါင်း ငါးသိန်းခန့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် စာတတ်မြောက်သူဦးရေ သုံးသန်းကျော် တိုးပွားမြင့်မားလာခဲ့သည်။ မြို့နယ်ပေါင်း ၃၁၈ မြို့နယ်အတွင်း ၂၉၇ မြို့နယ်ကို မြို့နယ်လုံးကျွတ် စာတတ်မြောက်ကြောင်း မင်္ဂလာရှိစွာ ကြေညာနိုင်ခဲ့သည်။ မြန်မာတို့သည် အမျိုးသားရေး အားမာန်အပြည့်ဖြင့် ပညာရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းလှုပ်ရှားခဲ့ကြခြင်းဖြစ်သည်။

ယနေ့ ၂၁ ရာစု၏ ပညာခေတ်ကို မြန်မာတို့ အမီလိုက်နိုင်ခဲ့ပါပြီ။ ကုလသမဂ္ဂ စာမတတ်သူပပျောက်ရေး ၁၀ စုနှစ်ကို အောင်မြင်ဖြစ်ထွန်းမှုများစွာဖြင့် ကြိုဆိုနိုင်ခဲ့သည်။

လွန်ခဲ့သော နှစ်ငါးဆယ်အတွင်း ကမ္ဘာ့အတိုင်းအတာအားဖြင့်လည်းကောင်း၊ မြန်မာ့အတိုင်းအတာအားဖြင့် လည်းကောင်း စာမတတ်မှု အခြေအနေ အရပ်ရပ်ကို ဆန်းစစ်သုံးသပ်မှုအပေါ် အခြေခံ၍ ရရှိလာသည့် ဆောင်ရွက်ရမည့် နည်းလမ်းမှာ ကျောင်းနေအရွယ်ဖြစ်သည့် ကလေးများကို အခြေခံပညာ မူလတန်းကျောင်းများ၌ ကျောင်းနေဖြစ်အောင် တစ်နည်းအားဖြင့် ပညာသင်ယူဖြစ်အောင် ကြံဆောင်ကြိုးပမ်းအားထုတ်သည့် နည်းလမ်းသည် ပထမလမ်းသွယ်ဖြစ်သည်။

ထိုလမ်းသွယ်အရ ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေဖြစ်ခြင်းကြောင့် ငယ်ရွယ်စဉ်ကာလမှာပင် စာတတ်သူများ ဖြစ်လာကြသည်။ တစ်သက်တာ စာတတ်သူများလည်း ဖြစ်သွားကြပေသည်။

ထိုနည်းလမ်းသည် စာမတတ်သူအဖြစ်သို့ မရောက်ရှိစေရန် ရည်ရွယ်ပြီး ကာကွယ်ထားသည့် နည်းလမ်း (Preventive Measure) ဖြစ်ခြင်းကြောင့် စာမတတ်မှုကို အမြစ်ကစ၍ ဖြတ်တောက်ပစ်သည့် နည်းလမ်းဟူ၍လည်း ဆိုနိုင်သည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် သက်ကြီးစာတတ်မြောက်မှုနှုန်း နှစ်စဉ်တိုးတက်လာခဲ့ရာ ၂၀၀၅ ခုနှစ်၌ ၉၄ ဒသမ ၁ ရာခိုင်နှုန်း စာတတ်မြောက်ခဲ့ကြပြီဖြစ်သည်။ စာတတ်မြောက်ရေးမှ စာဖတ်ရှိန်မြှင့်တင်ရေး၊ အစဉ်သင်ယူသင်ကြားနေသော မြန်မာ့လူ့ဘောင်ပေါ်ထွန်းရေး ရည်မှန်းချက်ဖြင့် တိုးမြှင့်ကြိုးပမ်းလျက်ရှိသည်။ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ကျေးရွာအုပ်စုတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရေးကို ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ ကျေးရွာ စာကြည့်တိုက်ပေါင်း ၂၇၆၂၃ တိုက် ဖွင့်လှစ်နိုင်ခဲ့သည်။

ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာပြီးဆုံးသည်အထိ ကျောင်းနေရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်နိုင်ခဲ့၍ တစ်နိုင်ငံလုံး ကျောင်းနေနှုန်း ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့မူလတန်းကျောင်းနေနှုန်းနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ၏ ကျောင်းနေနှုန်းက ရင်ပေါင်တန်းလျက် ရှိနေကြောင်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိနိုင်ပေသည်။

မြန်မာနိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးကို အထူးဦးစားပေးဆောင်ရွက်သည့် နိုင်ငံဖြစ်သည်။

ပညာသင်ယူမှုအခွင့်အလမ်းများ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တိုးပွားဖြစ်ထွန်းလာစေရန် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များကို ယခင်ကာလများကထက် အဆပေါင်းများစွာ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

၁၉၈၈ခုနှစ်က တက္ကသိုလ်နှင့်ကောလိပ်ပေါင်း ၃၂ခုသာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်ပေါင်း ၁၅၄ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။ ပညာရေးအခွင့်အလမ်းများတိုးပွားဖြစ်ထွန်းလာသည်နှင့်အမျှ ၁၉၈၈ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ၊ ကျောင်းသား တစ်သိန်းသုံးသောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ၊ ကျောင်းသားပေါင်း ရှစ်သိန်းကိုးသောင်းကျော် ရှိလာခဲ့သည်။ အဆင့်မြင့်ပညာရေးကဏ္ဍတွင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံး၌အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ဒေသအလိုက်လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရေး ဦးတည်ပြီး ပြည်နယ်နှင့်တိုင်း ၁၄ခုတွင် ဖွံ့ဖြိုးရေးအထူးဒေသ ကြီး ၂၄ခုသတ်မှတ်ကာ အထူးဒေသကြီးများကို အခြေခံ၍ တက္ကသိုလ်၊ ကောလိပ်များကို ဖြန့်ကြက်တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိသည်။

ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်၏ ဒုတိယနှစ်၌ သက်ကြီးစာမတတ်သူအများစုတွင် အမျိုးသမီး သန်း ၅၀၀ကျော် ပါဝင်နေပြီး တစ်ချိန်တည်းမှာပင် ကျောင်းမနေသော ကလေးအများစုသည်လည်း မိန်းကလေးငယ်များဖြစ်နေကြကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်မိန်းကလေးငယ်များနှင့် အမျိုးသမီးများ၏ ပညာရေးကို ပိုမိုမြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်များအတွက် စီးပွားရေးဆိုင်ရာကုန်ထုတ်စွမ်းရည် မြှင့်တင်ပေးရန်၊ မိခင်နှင့်ကလေး သေပျောက်နှုန်းလျှော့ချရန်၊ အာဟာရစားသုံးမှု ပိုမိုကောင်းမွန်လာစေရန်၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ခြင်း အပါအဝင် ကျန်းမာရေး တိုးတက်ကောင်းမွန်လာစေရန်နှင့်ပညာရေးအခွင့်အလမ်းများ တိုးပွားလာစေရန်တို့ကဲ့သို့ အခြားမူဝါဒမရှိနိုင်ကြောင်း၊ သန်းပေါင်းများစွာသောအမျိုးသမီးများအတွက် စာတတ်မြောက်ရေးလုပ်ငန်းများသည် ဖြစ်နိုင်ချေဟူသည့် ဝေါဟာရအသစ်ကို သင်ယူလေ့လာရန် ကြိုးတောင့်ကြိုးခဲ အခွင့်အရေးများကို ပေးစွမ်းနိုင်သည့်အပြင် ၎င်းတို့မိသားစု၏ လက်ရှိအခြေအနေကို ကျော်လွှန်၍ ဘဝသစ်ကို လမ်းဖွင့်ပေးခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာမိသားစုဝင်အဖြစ် တာဝန်ယူတတ်မှုနှင့် ပညာရေးရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် မြင့်မားတိုးပွားအောင် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

စာတတ်မြောက်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များသည် ၁၂ ရာသီပန်းသဖွယ် ပွင့်လန်းမွှေးကြိုင် အားယူဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလျက်ရှိသော မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေး လှုပ်ရှားမှုနှင့် ကျေးလက်ဒေသ ပညာရည်မြင့်မားတိုးတက်ရေးလုပ်ငန်းများကို တက်ညီလက်ညီ ဝိုင်းဝန်းဖော်ဆောင်ကြရန်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်းရေးသားရင်း–

"မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာရှိသည့်သာတည့်" ဟူသော အလိမ္မာစာမှာရှိကြောင်း ဖော်ညွှန်းပြဆိုထားသည့် **"ရှင်မဟာရဋ္ဌသာရ"** ကဗျာစုဖြင့် **"နိုင်ငံတကာ စာတတ်မြောက်ရေးနှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်"** ကာလတွင် မြန်မာနိုင်ငံ၏ ပါဝင်စွမ်းဆောင်မှုကို ဂုဏ်ပြုတင်ပြလိုက်ရပါသည်။ ။

မော်လမြိုင် - ရေး - ထားဝယ် ရထားလမ်းပိုင်း ဝန်ကြီး ပိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း၊ မြန်မာ့မီးရထား ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြအင်ဂျင်နီယာဌာန) ဦးမိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ထားဝယ်ဘူတာသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ဘူတာအဆောက်အအုံနှင့် ဘူတာရုံဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အီးအမ်စီသံလမ်း ပြေးယာဉ်ဖြင့် ထားဝယ်မှ ထွက်ခွာပြီး မိုင်တိုင်အမှတ် (၃၅၉/၂၀) နှင့် (၃၅၉/၂၁) အကြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုကျခဲ့သော တောင်ပြိုမြေကြီးများအား ဖယ်ရှားပြီး ထပ်မံပြိုကျမှုမရှိစေရေးအတွက် မျောတိုင်များဖြင့် တုတ်ရိုက်ကာကွယ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရထားများ ပုံမှန်ပြေးဆွဲနေသည့် အခြေအနေများကို ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးနိုင်က ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းဆိုင်ရာများမှာကြားဖြည့်ဆည်းပေးသည်။

ကြိုးပမ်းဆောင်ရွက်

ထိုမှဆက်လက်ထွက်ခွာရာ မိုင်တိုင် (၃၂၇/၂၄)သို့ ရောက်ရှိပြီး ယခင်ရထားလမ်းကွေ့ကို ပိုမိုပြေပြစ်အောင် ထပ်မံဆောင်ရွက်လျက်ရှိသော လုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ ရေး-ထားဝယ် လမ်းပိုင်းရှိ ရထားလမ်းကွေ့ ၂၄ခုကို ပိုမိုပြေပြစ်သော ကွေ့များအဖြစ် ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးနိုင်က ဖယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ် တစ်ဆက်တည်း ရထားပြေးဆွဲရေးနှင့် ရထားခုတ်မောင်းချိန် လျှော့ချနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် ရထားလမ်းကွေ့များနှင့် မတ်စောက်သော ဆင်ခြေလျှောများကို ပြေပြစ်အောင် ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းနှင့် ရထားလမ်းနှင့် တံတားများ ကြံ့ခိုင်ရေးကို မပြတ်စစ်ဆေးပြုပြင်ခြင်းတို့ကို တာဝန်သိသိဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှဆက်လက်ထွက်ခွာရာ ဂန့်ဂေါ်တောင်ဘူတာနှင့် ကလိန်အောင်ဘူတာတွင် မြန်မာ့မီးရထားမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဘူတာဝန်းကျင် သာယာလှပရေး၊ ခရီးသည်နှင့် ကုန်စည်များ လုံခြုံချောမွေ့စွာ ပို့ဆောင်ပေးနိုင်ရေးတို့ကို မှာကြားသည်။

ထိုမှ ရေးဘူတာသို့ ရောက်ရှိစစ်ဆေးပြီး ဘူတာဝန်းကျင်၌ အရိပ်ရ လေကာပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ခရီးသည်နှင့် ကုန်စည်များ လုံခြုံမှုရှိစေရေး၊ ရထားများ အချိန်မှန် ထွက်ခွာနိုင်ရေးတို့ကို မှာကြားသည်။

စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ရေးဘူတာမှ သံလမ်းပြေးယာဉ်ဖြင့် ထွက်ခွာလာရာ လမိုင်းဘူတာသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများအား တွေ့ဆုံ၍ သံလွင်မြစ်ကူးတံတား (မော်လမြိုင်) ပြီးစီးပြီဖြစ်၍ မော်တော်ယာဉ်လမ်းအပြင် ရထားလမ်းပါ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်နိုင်တော့မည်ဖြစ်ရာ မော်လမြိုင်-ရေး-ထားဝယ်ရထားလမ်းတစ်လျှောက်ရှိ မြို့ရွာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် ကျစ်လျစ်ခိုင်မာသော စည်းလုံးမှုဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းမှာကြားသည်။

ထိုမှ ဆက်လက်ထွက်ခွာလာရာ နှစ်ကရင်ဘူတာနှင့် သံဖြူဇရပ်ဘူတာတို့တွင် လုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်းပေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်အနီး သရက်ကုန်းဘူတာသို့ ရောက်ရှိပြီး ထိုမှ မော်လမြိုင်ဘူတာသစ်ကြီးသို့ အသစ်ခင်းထားသည့် လမ်းကြောင်းအတိုင်း သံလမ်း ပြေးယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ မော်လမြိုင်-ရေး ကားလမ်းဖြတ်ဥမင်ကိုလည်းကောင်း၊ တောင်ဝိုင်းရပ်ကွက်သွား ကားလမ်းဖြတ် လမ်းဆုံကို လည်းကောင်း၊ မော်လမြိုင်-ကျိုက်မရော ကားလမ်းဖြတ် လမ်းဆုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မတော်တဆမှု မဖြစ်ပွားရေးအတွက် လိုအပ်သည့် အစီအမံများ ဖြည့်စွက်မှာကြားခဲ့သည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မော်လမြိုင်-ရေး ကားလမ်းဖြတ် ဥမင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့မီးရထား)

စလေအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် စက်တင်ဘာ ၅

စလေအသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် အမှတ် (၅)ဝိုင်း စလေသီဂိုဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၌ စက်တင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (၆၃)

သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်နေ့နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်နေ့နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရဲရိပ်သာ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ရဲချုပ်၏ဇနီး ဒေါ်ခင်မေစိုးနှင့် အဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက သတင်းတပ်ဖွဲ့မှူးနှင့် ဇနီး သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်စန်း၊ သတင်းတပ်ဖွဲ့မှ အရာရှိကြီးများနှင့် ဇနီးများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ မီးရထားရဲတပ်ဖွဲ့နှင့် မှုခင်းတပ်ဖွဲ့တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များက ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေးတိုက်ကျွေးကြသည်။

ထို့နောက် သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်သိန်းက အမှာစကားပြောကြား၍ နှစ်ပတ်လည် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ညိုညိုမြင့်က လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒုတိယရဲမှူးမြင့်ကြည်က လည်းကောင်း ဖတ်ကြားတင်သွင်း အတည်ပြုကြပြီး ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ အသက်အပိုင်းအခြားအလိုက် ကလေးပြိုင်ပွဲ၌ ဆုရသူများနှင့် သားကောင်းမိခင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကာ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်စန်းက ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်နေ့နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းတပ်ဖွဲ့)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၀၅ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	Star Album 4 (လူမင်း-ကျန်စစ်မင်း အကြောင်း)
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	ပြည်တွင်းသတင်းအကျဉ်း
၇:၃၅	ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက်စပါးခွဲ ဓာတ်ငွေ့သုံးစက်
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	Sunday Talk
၈:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၅၀	ဂုန်လျှော်နှင့်ဂုန်လျှော်ထွက် ပစ္စည်း
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	လယ်ယာထွန်စက်
၉:၂၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	မိုးလေဝသခန့်မှန်းချက်
၉:၃၅	အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၉:၄၅	ကျန်းမာရေးအတွက် သန့်(၄)သန့်
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	ဖြူးချောင်းတံတား ဆောက်လုပ်ရေး
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	UEFA Stories Euro 1980
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	အလွမ်းချိုချို (မျိုးစန္ဒီကျော်၊ ရန်ပိုင်စိုး၊ ဇင်မျိုး)
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃:၀၀) နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အထက(၂) ပန်းဘဲတန်း မြတ်ဆရာပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၅

အထက(၂) ပန်းဘဲတန်းကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမဟောင်းများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည် ဖုန်း- ၃၇၆၈၇၅၊ ကိုသန်းဆွေ ဖုန်း-၂၈၀၀၁၅၊ ကိုခင်မောင်ဝင်း ဖုန်း- ၀၉ ၉၉ ၇၄၁၆၅၊ ကိုလှဌေး ဖုန်း- ၀၉ ၅၁၀ ၃၂၉၆ နှင့် မစန်းစန်းသိန်း ဖုန်း- ၃၇၆၇၇၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

သုတပဒေသာစာစောင် ဖြန့်ချိရောင်းချ

ရန်ကုန် စက်တင်ဘာ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း စာပေဗိမာန်က ၂၀၀၅ ခုနှစ် စက်တင်ဘာထုတ် သုတပဒေသာစာစောင် အတွဲ(၃၂) အမှတ်(၉)ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင် အတွဲ(၃၂) အမှတ်(၉)တွင် အာဆီယံဒေသ၏ ကာတွန်းရုပ်ပုံများ တိုးတက်မှု၊ တံတားပမာကျောင်းဆရာ၊ အီးဘုတ်အတွက် စာမျက်နှာသစ်၊ ရှက်ကြောက်ဖွယ်ရာ ကြိမ်ဒဏ်၊ ရေခဲဖွေးဖွေး နွေးနွေးထွေးထွေး တဒင်္ဂအတွေ့များစသည့် သုတဆောင်းပါးများအပြင် ပါနေကျ ကဏ္ဍများဖြစ်သည့် ဘာသာပြန်ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ နိုင်ငံတကာမြင်ကွင်း၊ သုတတိုထွာ၊ ကမ္ဘာ့မှူးယစ်ဆေးဝါးသတင်းတို့ပါရှိသည်။

သုတပဒေသာစာစောင်မှာ လစဉ်ထုတ်ဝေသည့် ဘာသာပြန်မဂ္ဂဇင်းဖြစ်ရာ နယ်မှတစ်ဦးချင်း မှာကြားဝယ်ယူလိုလျှင်ဖြစ်စေ၊ စာကြည့်တိုက်များက ဝယ်ယူလိုလျှင်ဖြစ်စေ အလိုရှိသော စောင်ရေအတွက်ကျသင့်ငွေနှင့် ပို့ခစရိတ်ကို ဘဏ်ငွေလွှဲလက်မှတ် (သို့မဟုတ်) ဆက်သွယ်ရေး ငွေလွှဲစာဖြင့် မန်နေဂျာ (အရောင်း) စာပေဗိမာန် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၃၈၁၄၄၈သို့ လိပ်မူပေးပို့မှာကြားနိုင်သည်။ ထို့အပြင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ တွင်လည်း ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်စန်းစန်းမေ (မော်လမြိုင်)အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဖိုးစိန်လမ်းနေ ဦးကိုကိုတင်နှင့် သားသမီးများ ဖြစ်ကြသော ဦးဘုန်းနိုင်-ဒေါက်တာခင်မာရီ၊ ဦးမျိုးနိုင်-ဒေါက်တာဆွေဆွေလှိုင်၊ ဒေါက်တာမှူးမင်း-ဒေါက်တာကလျာကိုနှင့် မြေးများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

စက်မှုဇုန်အလိုက် ထူးခြားအောင်မြင် နာမည်ရသော စက်မှုထုတ်ကုန် တစ်မျိုး၊ နှစ်မျိုး၊ သုံးမျိုးကို
စက်မှုထုတ်ကုန် အမယ်ဟောင်းများ အရည်အသွေးမြှင့်မားသည်ထက် မြှင့်မားအောင် တီထွင်လု

▲ ရှေ့ဖုံးမှ

ရင်းနှီးထူထောင်နိုင်ခြင်းသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးမှုအတွက်သာမက ပုဂ္ဂလိကစက်မှုလုပ်ငန်း အတွက် ကြီးမားသည့် တိုးတက်မှုအလှည့်အပြောင်း လည်းဖြစ်ကြောင်း။

တန် ၁၀၀၀ ကျော်

အဆိုပါ စက်မှုဇုန်သုံးဇုန်ရှိ ခေတ်မီသံရည်ကျို မီးဖိုတစ်လုံးစီသည် တစ်နေ့လျှင်သံထည် တန်ငါးတန်၊ တစ်နှစ်လျှင်သံထည်တန် ၁၀၀၀ကျော် ကျိုနိုင်အား ရှိသဖြင့် အရည်အသွေးမီသည့် သံထည်ပစ္စည်းများကို များများစားစား၊ မြန်မြန်ဆန်ဆန် ထုတ်လုပ်နိုင်အား ရှိနေပြီဖြစ်ကြောင်း။

ယင်းသံရည်ကျိုလုပ်ငန်းနှင့် တွဲဖက်ပြီး တစ်ပါ တည်း တည်ထောင်ထားသည့် စက်အမျိုးမျိုးကို အသုံးပြုပြီး သွန်းလောင်းရရှိသည့် သံထည်ပစ္စည်း များကို လိုအပ်သလို အနုစိတ် စက်ခုတ် စား၊ ပုံဖိ၊ ပုံဖော်ဖြတ်တောက်နိုင်ကြောင်း၊ အမာတင်လုပ်ငန်း (Heat Treatment) ကိုလည်း ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း။

ကုန်ကြမ်းရရှိရေး

ထို့ကြောင့် စက်ရုံများအပြည့်အဝ လည်ပတ်နိုင် ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ ဖြစ်သော သံတိုသံစနှင့် သံစိမ်းရရှိရေး၊ အဆင့်မြင့် သံထည်ထုတ်လုပ်နိုင်ရန်အတွက် ဓာတ်ကူပစ္စည်းများ ဝယ်ယူရရှိရေး၊ ထုတ်ကုန်ပစ္စည်း အရည်အသွေးမီရေး တို့ကိုလည်း အချိန်နှင့် တစ်ပြေးညီ ဆက်စပ်လုပ်ကိုင် သွားရမှာဖြစ်ကြောင်း၊ ထို့အပြင် ကျွမ်းကျင်လုပ်သား ရရှိရေး၊ လှည့်ပတ်ငွေကြေးရရှိရေးနှင့် ဈေးကွက်ရရှိ ရေးတို့သည်လည်း အထူးအရေးကြီးသော ကိစ္စများ ဖြစ်ကြောင်း။

ယင်းလုပ်ငန်း ကိစ္စများကို နိုင်နိုင်နင်းနင်း ဆက်စပ်ညှိနှိုင်း ဦးစီးဦးဆောင်လုပ်သွားမည့် စက်ရုံ ဒါရိုက်တာအဖွဲ့(သို့) အုပ်ချုပ်မှုအဖွဲ့ကို ထူထောင် ဖွဲ့စည်းထားနိုင်ရန် မိမိအနေဖြင့်တွန်းအားပေးခဲ့ခြင်း ဖြစ်ကြောင်း၊ အံဝင်ခွင်ကျသောစက်ရုံ၊ အလုပ်ရုံ အုပ်ချုပ်မှုပုံသဏ္ဌာန်ကို အခြေချ ပုံဖော်ပေးနိုင်ရမှာ ဖြစ်ကြောင်း။

သို့မှသာ တည်ထောင်ထားသော သံရည်ကျို စက်ရုံလုပ်ငန်းများမှာ စဉ်ဆက်မပြတ် အပြည့်အဝ လည်ပတ်ပြီး အကျိုးအမြတ် ရရှိလာမှာဖြစ်ကြောင်း၊ ရင်းနှီးထူထောင်ရကျိုးနပ်မှာဖြစ်ကြောင်း။

အားရဖွယ်ရာရှိ

လောလောဆယ် ရရှိထားသည့် ကိန်းဂဏန်း များအရ သံရည်ကျိုစက်၊ ခုတ်စားစက်ရုံများ၏ ထုတ်လုပ်သွားမည့် အလားအလာမှာ အားရဖွယ်ရာ ရှိကြောင်း၊ မန္တလေးစက်မှုဇုန်က စက်ပစ္စည်းအမယ် ကိုးမျိုး၊ တန်ချိန်အားဖြင့် ၁၂၀၀ နီးပါးခန့်ကို လည်းကောင်း၊ မုံရွာစက်မှုဇုန်က စက်ပစ္စည်းအမယ် ၂၉ မျိုး၊ တန်ချိန်အားဖြင့် ၈၅၀ ကျော်ခန့်ကို လည်းကောင်း၊ အေးသာယာစက်မှုဇုန်က စက်ပစ္စည်း အမယ် ၄၉မျိုး၊ တန်ချိန်အားဖြင့် ၇၈၀ ကျော်ခန့် ကိုလည်းကောင်း ပထမတစ်နှစ်အတွင်း ထုတ်လုပ် သွားကြမည်ဟုဆိုကြောင်း။

ခြုံလိုက်လျှင် သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း စက်ရုံများကြောင့် လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်၊ ရေစုပ်စက်၊ ရေပန့်၊ လျှပ်စစ်တာဘိုင်စက်ငယ်များအတွက် စက်ကိရိယာ အစိတ်အပိုင်းများနှင့် အခြားစက်ကိရိယာများကို များများစားစား၊ မြန်မြန်ဆန်ဆန်၊ အရည်အသွေး ကောင်းကောင်း ထုတ်လုပ်သွားနိုင်မှာဖြစ်ပြီး စက်မှု လယ်ယာစနစ်အတွက် လိုအပ်သည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများပိုမိုထုတ်လုပ်ပေးသွားနိုင်မှာ ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများအပြင် လယ်ယာထွက်ကုန်များကို အခြေခံသည့် စက်မှု လုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှု လုပ်ငန်းများ၊ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများသည် သွင်းကုန်အစားထိုး စက်မှု လုပ်ငန်းများအဖြစ် ပီပြင်စွာ တိုးတက်ဖြစ်ပေါ်လာမှာ ဖြစ်ကြောင်း။

အနာဂတ်နှင့်ယှဉ်၍ ဆုံးဖြတ်

ထို့ကြောင့် ယခု တပ်ဆင်ထူထောင်ပြီးသည့် ခေတ်မီ သံထည်ပစ္စည်း စက်ရုံများ စနစ်တကျ လည်ပတ်ရေးကို စဉ်းစားဆောင်ရွက်သကဲ့သို့ ပြည်ပ ဈေးကွက်အထိထိုးဖောက်နိုင်မည့် ပိုမိုတိကျသပ်ရပ် သော လက်သားကောင်းသည့် စက်ပစ္စည်းအစိတ် အပိုင်းများ၊ သံထည်ပစ္စည်းများကို ထုတ်လုပ်နိုင်အောင် မည်သည့်စက်ပစ္စည်းများ ထပ်မံဝယ်ယူပြီး တပ်ဆင် မည်ဆိုသည့် အနာဂတ်နှင့်ယှဉ်၍ စီးပွားရေးအရ၊ နည်းပညာအရ စဉ်းစားဆုံးဖြတ်သွားရမည့် ကိစ္စ များလည်း ရှိပါကြောင်း၊ သို့မှသာ အီလက်ထရွန်နစ် နည်းပညာနှင့်ပေါင်းစပ်ပြီး Automationအဆင့်၊ နိုင်ငံတကာအဆင့် တက်လှမ်းနိုင်မှာဖြစ်ကြောင်း၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းအဆင့်မှ ပြည်ပ ပို့ကုန် စက်မှုလုပ်ငန်းအဆင့်ကို ကူးပြောင်းနိုင်မှာ ဖြစ်ကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များသည် ယခုကဲ့သို့ လက်တွေ့ကျသော အနာဂတ်နှင့်ယှဉ်ပြီး မြင့်မားသည့် မျှော်မှန်းချက်မျိုးထားရှိနိုင်ရန် အရေး ကြီးကြောင်း။

ဤနေရာ၌ သံရည်ကျိုပြီးသည့် သံထည်ပစ္စည်း အမျိုးမျိုးကို အရေအတွက်များများ၊ အရည်အသွေး တစ်သမတ်တည်း မြန်မြန်ဆန်ဆန် ထုတ်လုပ်နိုင်ရန် အတွက် မိုနှင့် ဒိုင်စက်မှုလုပ်ငန်းမှာ မရှိမဖြစ်အရေး ပါလာပါကြောင်း၊ အကြမ်းအားဖြင့် ခေတ်မီပုံသွန်း လောင်းသည့် ပုံစံခွက်ထုတ်လုပ်နိုင်မှုလည်း သံရည် ကျို စက်မှုလုပ်ငန်းအတွက် အကျိုးများပြီး လိုအပ် သော သံထည်ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများ ကို များများစားစား ပုံစံတကျ ထုတ်လုပ်သွားနိုင်မှာ ဖြစ်ကြောင်း၊ သံရည်ကျိုလုပ်ငန်း၊ မိုနှင့်ဒိုင်လုပ်ငန်း၊ စက်ခုတ်စားလုပ်ငန်းတို့သည် အပြန်အလှန် မှီခို နေရသည့် တွဲဖက်စက်မှုလုပ်ငန်းများဖြစ်ကြောင်း။

တင်သွင်းသုံးစွဲနေရ

ပြည်တွင်း၌ မိုနှင့်ဒိုင်များ ထုတ်လုပ်နိုင်မှုလည်း စက်ကိရိယာအစိတ်အပိုင်းအမျိုးမျိုး၊ ဆောက်လုပ် ရေးပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ပုံစံသွန်းလောင်း ထုတ်လုပ်နိုင်မှာ ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်တွင်း၌ မိုနှင့် ဒိုင်ထုတ်လုပ်ရန်အတွက် စက်ကိရိယာပစ္စည်းများအပြင် ကျွမ်းကျင်သော အင်ဂျင်နီယာနှင့် ပညာရှင်များ လိုအပ်သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် ပြည်ပမှပင် မိုနှင့် ဒိုင်များကို တင်သွင်း သုံးစွဲနေကြရခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှာမူ တစ်ဖက်မှ သံရည်ကျိုသံထည် ပစ္စည်းစက်ရုံများ ထူထောင်နေသည့်အချိန်မှာပင် ရွှေပြည်သာစက်မှုဇုန်၌လည်း နိုင်ငံတော်၏ ပံ့ပိုး ကူညီမှုဖြင့် (Fair Sun) ကုမ္ပဏီသည် ခေတ်မီ မိုနှင့် ဒိုင်စက်မှုလုပ်ငန်းကို ထူထောင်နေရာ အတော်ကို အောင်မြင်နေပြီဖြစ်ကြောင်း။

နည်းပညာလွှဲပြောင်းပေးမည်

ယင်းစက်ရုံက စက်မှုဇုန်များအတွက် လိုအပ် သော မိုနှင့် ဒိုင်များကိုသာမက အခြားစက်ပစ္စည်း အစိတ်အပိုင်းများကို ထုတ်လုပ်ရန်အတွက် လိုအပ် မည့်စက်ကိရိယာများကို ညွှန်ပြသကဲ့သို့ နည်းပညာ ကိုလည်း လွှဲပြောင်းပေးသွားမှာဖြစ်ကြောင်း။

သံနှင့် သံထည်ပစ္စည်းကိုင်တွယ်သည့် လုပ်ငန်း စဉ်၌ ထုတ်လုပ်မှုနည်းစဉ် ခေတ်မီတိုးတက်လာ သည်နှင့်အမျှ စက်မှုဇုန်များ၏ စက်မှုထုတ်ကုန် အရည်အသွေးသည် စံချိန်မီပြီး ဈေးကွက်အဆင့် ဝင်သွားမှာဖြစ်ကြောင်း၊ လက်ရာလက်သားကောင်း သည်နှင့်အမျှ ပြည်ပဈေးကွက်အထိ တက်လှမ်းနိုင်မှာ သေချာကြောင်း။

ထို့ကြောင့် ဆက်စပ်လိုက်ပါက သံရည်ကျို စက်မှုလုပ်ငန်းများ ထူထောင်ထားသော မန္တလေး၊ မုံရွာနှင့် အေးသာယာစက်မှုဇုန်များသာမက ကျန်ရှိ သော စက်မှုဇုန်များသည်လည်း ခေတ်မီသံနှင့် သံထည် ပစ္စည်း ကိုင်တွယ်သည့် စက်မှုလုပ်ငန်းနှင့် ဆက်စပ် ပေါင်းစည်းပြီး တိုးတက်လာမှာဖြစ်ကြောင်း။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက် ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်သောင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အရေးကြီးသည်မှာ စက်မှုဇုန်အလိုက်ရှိနေသည့် (Industrial Telent) ကို ရှာဖွေဖော်ထုတ်ပြီး လက်တွေ့ကျကျအားပေးနိုင်ရန်ဖြစ်ကြောင်း၊ စက်မှုဇုန် အလိုက်တည်ရှိနေသော အတတ်ပညာအား၊ ငွေကြေး အား၊ စက်မှုလုပ်ငန်းအမျိုးအစားအားများကို အခြေ ခံပြီး အလားအလာကောင်းသည့် စက်မှုလုပ်ငန်း များကို အားပေးနိုင်မှလည်း စက်မှုဇုန်များမှာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

စက်မှုဇုန်အလိုက် ထူးခြားအောင်မြင် နာမည် ရသော စက်မှုထုတ်ကုန်တစ်မျိုး၊ နှစ်မျိုး၊ သုံးမျိုးကို ထုတ်လုပ်လာနိုင်အောင် အားပေးပျိုးထောင်ကြရမှာ ဖြစ်ကြောင်း၊ သို့မှသာ စက်မှုဇုန်များအားလုံး တစ်ပြိုင်တည်း တိုးတက်အောင်မြင်လာမှာဖြစ်သကဲ့သို့ စက်မှုဇုန်များအကြား ကွာဟချက်ကလည်း လျော့နည်းသွားမှာဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှု လုပ်ငန်းများသည်လည်း အုံနှင့်ကျင်းနှင့် တိုးတက် လာမှာဖြစ်ကြောင်း။

သံနှင့် သံထည်ပစ္စည်းကိုင်တွယ်သည့် စက်မှု လုပ်ငန်း အဆင့်ဆင့် ခိုင်မာအောင်မြင်လာသည်နှင့် အမျှ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်း ပီပြင်စွာ ဖြစ်ပေါ်လာစေရုံသာမက ပို့ကုန်စက်မှုလုပ်ငန်းအဆင့် အထိပါ တိုးတက်လာမှာဖြစ်ကြောင်း။

မှာကြားလမ်းညွှန်

စက်မှု ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာ၌ နိုင်ငံတော်အကြီးအကဲမှာကြားလမ်းညွှန်ထားသည့် အတိုင်း **“လက်ရာလက်သား ကောင်းမွန်ရမည်၊ သုံးစွဲသည့်သံနှင့် သတ္တုအရည်အသွေးမှန်ကန်ရမည်၊ သပ်ရပ်သေချာ တိကျမှုရှိရမည်၊ ဆန်းသစ်နေရမည်၊ အမြဲခေတ်မီနေရမ**

လိုက်နာရမည့် အချက်များသည်လည
ကျစွာ ရှင်သန်လာပြီး စက်မှုပစ္စည်းမျ
နိုင်ငံတကာသတ်မှတ်ထားသည့်အတို
အသွေးအဆင့်အတန်း စံချိန်မီလာမှ

သို့မှသာ နိုင်ငံတော်မှ တာဝန်
အတိုင်း နိုင်ငံတော်၏စက်မှုကဏ္ဍသည်
အရရော အရေအတွက်အရပါ အ
တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း၊
၂၀၀၁-၂၀၀၂မှ ၂၀၀၄-၂၀၀၅ခုနှစ်အ
ကာလအတွင်း၌ စက်မှုကဏ္ဍသည်
၂၄ ဒသမ ၃၅ ရာခိုင်နှုန်းခန့်ဖြင့် အ

**မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိ
လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(
ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွ
မုံရွာ၊ တောင်ကြီး (အေးသာယာ) စက
သံရည်ကျိုစက်ရုံများနှင့် စပ်လျဉ်း၍
တင်ပြစဉ်။**

(သ

တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခု
၂၀၀၆ ခုနှစ်တွင်လည်း အရှိန်အဟ
ဆက်လက် တိုးတက်နေအောင် နိုင်
ကရော ပုဂ္ဂလိကအပိုင်းကပါ ကြိုးစာ
ဖြစ်ကြောင်း၊ စက်မှုထုတ်ကုန် အမယ်
အရည်အသွေး မြင့်မားသည်ထက်
တီထွင်ကြံဆ လုပ်ကိုင်ရမှာဖြစ်သကဲ့
အမယ်သစ်များကို တိုးချဲ့ထုတ်လုပ်နိုင်
ကြိုးစားသွားရမှာဖြစ်ကြောင်း၊ ရည်မှန်း
စေဘဲ ဖွဲ့၊ လုံ့လ၊ ဝီရိယအားတို့ဖြင့်
လုပ်ကိုင် သွားကြရမှာဖြစ်ကြောင်းဖြ
ပြောကြားသည်။

စက်မှုဇုန်များထူထောင်

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုး
ကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှ
တိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အမှ
ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက
စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၁
စတင်၍ စက်မှုဇုန်များကို ထူထောင်
အထိ စက်မှုဇုန် ၁၈ ခု၊ စက်မှုဇုန်ခွဲ
တည်ထောင်ပြီးဖြစ်ကြောင်း။

အဆိုပါစက်မှုဇုန်များ၌ စက်မှုလုပ်
၁၅၉၉ခု၊ အလတ်စား ၂၃၆၄ခု၊ အငယ်
စုစုပေါင်း လုပ်ငန်း ၉၅၇၃ခု လုပ်ကိုင်ဆေ
ရှိကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြ
အလိုက် ဘတ်စ်ကားနှင့် ထရပ်ကား
အခြေအနေ၊ ရေနံချောင်းစက်မှုဇုန်၏

သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်းစက်ရုံများကြောင့် လက်တွန်း ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်၊ ရေစုပ်စက်၊ ရေပန့်၊ လျှပ်စစ်တာဘိုင်စက်ငယ်များအတွက် စက်ကိရိယာ အစိတ် အပိုင်းများနှင့် အခြားစက်ကိရိယာများကို များများစားစား၊ မြန်မြန် ဆန်ဆန်၊ အရည်အသွေးကောင်းကောင်း ထုတ်လုပ်သွားနိုင်မှာ ဖြစ်ပြီး စက်မှုလယ်ယာစနစ်အတွက် လိုအပ်သည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများ ပိုမိုထုတ်လုပ်ပေးသွားနိုင်မှာဖြစ်။

နှစ်မျိုး၊ သုံးမျိုးကို ထုတ်လုပ်လာနိုင်အောင် အားပေးပျိုးထောင်
အောင် တီထွင်လုပ်ကိုင်၊ ထုတ်ကုန်အမယ်သစ် တိုးချဲ့ထုတ်လုပ်

- ပြီးခဲ့သော ၂၀၀၁-၂၀၀၂မှ ၂၀၀၄-၂၀၀၅ခုနှစ် အထိ လေးနှစ်ကာလအတွင်း၌ စက်မှုကဏ္ဍသည် တစ်နှစ်ပျမ်းမျှ ၂၄ ဒသမ ၃၅ ရာခိုင်နှုန်းခန့်ဖြင့် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့၊
- ယခုနှစ် ၂၀၀၅-၂၀၀၆ ခုနှစ်တွင်လည်း အရှိန်အဟုန် မကျစေဘဲ ဆက်လက်တိုးတက်နေအောင် နိုင်ငံတော်အပိုင်းကရော၊ ပုဂ္ဂလိကအပိုင်းကပါ ကြိုးစား၊
- ရည်မှန်းချက် မပျောက်စေဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယ အားတို့ဖြင့် ပေါင်းစည်းလုပ်ကိုင်။

သပ်ရပ်သေချာ တိကျမှုရှိရမည်၊ တီထွင်ကြံဆ ဆန်းသစ်နေရမည်၊ အမြဲခေတ်မီနေရမည်" ဆိုသည့် လိုက်နာရမည့် အချက်များသည်လည်း လက်တွေ့ကျစွာ ရှင်သန်လာပြီး စက်မှုပစ္စည်းများသည်လည်း နိုင်ငံတကာသတ်မှတ်ထားသည့်အတိုင်း အရည်အသွေးအဆင့်အတန်း စံချိန်မီလာမှာဖြစ်ကြောင်း။

သို့မှသာ နိုင်ငံတော်မှ တာဝန်ပေးထားသည့်အတိုင်း နိုင်ငံတော်၏စက်မှုကဏ္ဍသည် အရည်အသွေး အရရော အရေအတွက်အရပါ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း၊ ပြီးခဲ့သော ၂၀၀၁-၂၀၀၂မှ ၂၀၀၄-၂၀၀၅ခုနှစ်အထိ လေးနှစ်ကာလအတွင်း၌ စက်မှုကဏ္ဍသည် တစ်နှစ်ပျမ်းမျှ ၂၄ ဒသမ ၃၅ ရာခိုင်နှုန်းခန့်ဖြင့် အရှိန်အဟုန်ဖြင့်

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မန္တလေး၊ မုံရွာ၊ တောင်ကြီး (အေးသာယာ) စက်မှုဇုန်များရှိ သံရည်ကျိုစက်ရုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် ၂၀၀၅-၂၀၀၆ ခုနှစ်တွင်လည်း အရှိန်အဟုန်မကျစေဘဲ ဆက်လက် တိုးတက်နေအောင် နိုင်ငံတော်အပိုင်းကရော ပုဂ္ဂလိကအပိုင်းကပါ ကြိုးစားသွားကြရမှာဖြစ်ကြောင်း၊ စက်မှုထုတ်ကုန် အမယ်ဟောင်းများကို အရည်အသွေး မြင့်မားသည်ထက် မြင့်မားအောင် တီထွင်ကြံဆ လုပ်ကိုင်ရမှာဖြစ်သကဲ့သို့ ထုတ်ကုန်အမယ်သစ်များကို တိုးချဲ့ထုတ်လုပ်နိုင်အောင်လည်း ကြိုးစားသွားရမှာဖြစ်ကြောင်း၊ ရည်မှန်းချက် မပျောက်စေဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယအားတို့ဖြင့် ပေါင်းစည်း လုပ်ကိုင် သွားကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

စက်မှုဇုန်များထူထောင်

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၁၉၉၅ ခုနှစ်မှ စတင်၍ စက်မှုဇုန်များကို ထူထောင်ခဲ့ရာ ယနေ့အထိ စက်မှုဇုန် ၁၈ ခု၊ စက်မှုဇုန်ခွဲပေါင်း ၂၈ ခု တည်ထောင်ပြီးဖြစ်ကြောင်း။

အဆိုပါစက်မှုဇုန်များ၌ စက်မှုလုပ်ငန်းအကြီးစား ၁၅၉၉ခု၊ အလတ်စား ၂၃၆၄ခု၊ အငယ်စား ၅၆၁၀ခု စုစုပေါင်း လုပ်ငန်း ၉၅၇၃ခု လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြပြီး စက်မှုဇုန်အလိုက် ဘတ်စ်ကားနှင့် ထရပ်ကား ထုတ်လုပ်မှု အခြေအနေ၊ ရေနံချောင်းစက်မှုဇုန်၏ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ် ထုတ်လုပ်မှုအခြေအနေ၊ CNG မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်သုံးစွဲမှုအခြေအနေ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးအထောက်အကူပြုနေမှုများ၊ အထူးစက်မှုဇုန်များ ဖွဲ့စည်းထူထောင်ရန် လေ့လာဆောင်ရွက်နေမှုများ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆက်စပ်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က မန္တလေး၊ မုံရွာနှင့် တောင်ကြီးမြို့နယ် အေးသာယာ စက်မှုဇုန်သုံးဇုန်၌ ခေတ်မီသံရည်ကျိုစက်ရုံများ အောင်မြင်စွာ ထူထောင်နိုင်ခဲ့မှုနှင့် အဆိုပါ ခေတ်မီသံရည်ကျို စက်ရုံသုံးရုံမှ စက်ပစ္စည်းများ စတင်ထုတ်လုပ်လျက်ရှိသည့် အခြေအနေများ၊ ခေတ်မီသံရည်ကျို စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ပံ့ပိုးကူညီသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က စက်ပစ္စည်းအမျိုးမျိုး၊ ထုတ်ကုန်အမျိုးမျိုးကို အမြောက်အမြား (Mass Production) ထုတ်ရာတွင် မရှိမဖြစ်အရေးပါသည့် မိုနှင့် ဒိုင်များ၏ကဏ္ဍ၊ မိုနှင့် ဒိုင်များကို အသုံးပြု၍ စက်ပစ္စည်းအမျိုးမျိုးထုတ်လုပ်နိုင်မှုများ၊ မိုနှင့် ဒိုင်များနှင့် ဆက်စပ်လျက် Jigနှင့် Fixture များ၏ အသုံးဝင်မှုများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်၏ စက်မှုလုပ်ငန်းများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုနှင့်ဒိုင်များအကြောင်းကို အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

နည်းစဉ်နှစ်မျိုး

ဆက်လက်၍ သံနှင့် သံမဏိထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အရည်အသွေးမြင့် သံမဏိနှင့် သတ္တုစပ် သံမဏိများ၏ အရည်အသွေးများ၊ အရည်အသွေးမြင့် သံမဏိနှင့် သတ္တုစပ် သံမဏိများ ထုတ်လုပ်ရာတွင် သတိပြုဆောင်ရွက်သင့်သည်များ၊ သတ္တုစပ် သံမဏိထုတ်လုပ်နိုင်သည့် နည်းစဉ်နှစ်မျိုးနှင့် သိကောင်းစရာများ၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးမြင့် သံမဏိနှင့် သတ္တုစပ်သံမဏိများ ထုတ်လုပ်ရာတွင် ဆပ်ကော်မတီက အကူအညီပေးနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသောင်းညွန့်က ရော်ဘာအခြေခံ စက်မှုလုပ်ငန်းအကြောင်းနှင့် ရော်ဘာပစ္စည်းစက်ရုံက အရည်အသွေး ကောင်းမွန်သော ရော်ဘာပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်ဇော်က စက်မှုသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရေနံချောင်းနှင့် မုံရွာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌများ၊ မြန်မာ့စက်မှုကုန်ထုတ်သူများအသင်းနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ တာဝန်ရှိသူများ၊ ရွှေပြည်သာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် စက်မှုဇုန်အသီးသီးမှ စက်မှုလုပ်ငန်းရှင်များက နိုင်ငံတော်၏ အားပေးပံ့ပိုးမှုကြောင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုများ၊ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များနှင့်ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး စက်မှုကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်၌ ရောက်ရှိနေပြီဖြစ်၍ ပေါင်းစပ်

စက်မှုလုပ်ငန်းသုံး အရည်အသွေးမြင့် သံမဏိ နှင့် သတ္တုစပ်သံမဏိများထုတ်လုပ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို သံနှင့် သံမဏိ ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

ညှိနှိုင်းမှုကောင်းကောင်းဖြင့် ညီညီညွတ်ညွတ် ကြိုးစားလုပ်ကိုင်ရန် အရေးကြီးကြောင်းဖြင့် နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စီစဉ်ပြသထား

လုပ်ငန်းညှိနှိုင်း အစည်းအဝေး အပြီးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စက်မှုလုပ်ငန်းရှင်များ လေ့လာနိုင်ရန် အစည်းအဝေးခန်းမ၌ ခင်းကျင်းစီစဉ်ပြသထားသည့် Coil Spring များ၊ လေးပြားအမျိုးမျိုး၊ Piston Pin အမျိုးမျိုး၊ ဆောက်သွားအမျိုးမျိုး၊ ဂေါ်စွယ်ဂေါ်သွားအမျိုးမျိုး၊ Cam Shaftအမျိုးမျိုး၊ Connecting Rod အမျိုးမျိုး စသော မြန်မာ့မီးရထား၌ အသုံးပြုလျက်ရှိသည့် အရည်အသွေးမြင့် သတ္တုစပ် သံမဏိသုံး စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းအောက်ရှိ ရော်ဘာပစ္စည်းစက်ရုံက အစိုးရစက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံ၊အလုပ်ရုံများ အတွက် ထုတ်လုပ်ပေးခဲ့သည့် ဆီခံရော်ဘာစက်အရန်ပစ္စည်းများ၊ အပူခံရော်ဘာစက် အရန်ပစ္စည်းများ၊ ဆီအပူခံ ရော်ဘာစက်အရန်ပစ္စည်းများ၊ ပွတ်တိုက်ခံအားကောင်း ရော်ဘာစက်အရန်ပစ္စည်းများ၊ ရေစိမ်ခံရော်ဘာ စက်အရန်ပစ္စည်းများ၊ ဖိအားခံရော်ဘာစက်အရန်ပစ္စည်းများ၊ စက်ဘီးတာယာ အရွယ်အစားအမျိုးမျိုးနှင့် ကျွတ်များ၊ ဖိနပ်အောက်ခံ ရော်ဘာဆိုးလ်များ နမူနာပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ပစ္စည်းနမူနာများ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန အောက်ရှိ စက်ရုံများ၌ အသုံးပြုသော သံပုံထောင်းဒိုင်များ၊ သံသတ္တုထည်များကို အပေါက်ဖောက်သည့် Jig များ၊ မာဇဒါဂျစ် Pin Springပုံဖိဒိုင်များ၊ ကူဘိုတာအိတ်ဇောဆိုင်လင်ဇာပုံဖိဒိုင်များ၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးဖိုနှင့် ဇွန်းပုံဖိဒိုင်များ၊ ပလတ်စတစ်ပုံသွင်းမိုများနှင့် ယင်းမို၊ ဒိုင်နှင့် အပေါက်ဖောက် Jig များကို အသုံးပြု၍ ထုတ်လုပ်ထားသည့် ပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

အိမ်တော်ရာစေတီ
နဂါးရုံဘုရားတည်ထားရေး
ပါဝင်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင်မဟာမေ့ရုံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး ပရဝဏ်အတွင်း၌ ဂေါပကအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် မုစလိန္ဒာကန်နှင့်တွဲလျက် နဂါးရုံဘုရားအား တည်ထားကိုးကွယ်တော်မူမည်ဖြစ်သည်။

သို့ပါ၍ နဂါးရုံဘုရား တည်ထားကိုးကွယ်နိုင်ရေးအတွက် ပါရမီရှင်များအနေဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၃၈၃၇၉၄ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၉-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၂၅ ၉။ သင်ပုန်းရေလှောင်တမံ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင် တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ **- တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၅၅ ၅။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား)
၅:၁၀ ၆။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၂၀ ၇။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၀ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"(အပိုင်း-၂၀)**
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ ချစ်ပုံပြင်" (အပိုင်း-၂၀)**
၇:၂၅ ၁၃။ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(လက်ဝှေ့)
၇:၄၅ ၁၄။ ကြေးမုံရိပ်သွင် တေးနယ်ချဲ့
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်" (အပိုင်း-၁၀)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

နယ်စပ်ဒေသအိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲ အခမ်းအနားများ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ် သင်တန်း အမှတ်စဉ်(၁၂)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၄၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်၍ သင်တန်းဖွင့်အမှာ စကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့တို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သင်တန်းတွင် အဆင့်မြင့်စက်ချုပ်သင်တန်းသူခုနစ်ဦးနှင့် အခြေခံစက်ချုပ်သင်တန်းသူ ၂၆ဦးတို့ တက်ရောက်ကြသည်။

အလားတူ ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၄၀)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်တက်ရောက်၍သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆင့်မြင့် စက်ချုပ်သင်တန်းသူငါးဦးနှင့် အခြေခံစက်ချုပ်သင်တန်းသူ ၂၀၊ သိုးမွေးစက်ဆွဲ သင်တန်းသူနှစ်ဦး တက်ရောက်ကြသည်။

ထို့အတူမြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၁)နှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၄၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဖွင့်လှစ်

ထို့အတူ မူဆယ်၊ မိုင်းဆတ်၊ တာချီလိတ်၊ လွိုင်ကော်၊ ဘားအံ၊ မြဝတီ၊ ရေး၊ ကော့သောင်း၊ မောင်တောမြို့များရှိအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းများ၏ အဆင့်မြင့် စက်ချုပ်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း သင်တန်းဖွင့်ပွဲများနှင့် ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ မင်းတပ် အိမ်တွင်းမှုသင်တန်းကျောင်းများ၏အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံရက်ကန်းသင်တန်းနှင့် ကနုကမာကျောက်စီပန်းချီသင်တန်း သင်တန်းဖွင့်ပွဲများ၊ မတူပီ အိမ်တွင်းမှုသင်တန်းကျောင်း၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေး စက်ဆွဲသင်တန်း သင်တန်းဖွင့်ပွဲနှင့် တီးတိန်၊ ကန်ပက်လက် အိမ်တွင်းမှုသင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်းနှင့် သိုးမွေးစက်ဆွဲ သင်တန်း သင်တန်းဖွင့်ပွဲများ၊ ပူတာအို၊ ဗန်းမော်၊ မုဒုံအိမ်တွင်းမှု သင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်း သင်တန်းဖွင့်ပွဲများကို သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီး၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ယနေ့မှ ဒီဇင်ဘာ၉ရက်အထိ ရက်သတ္တ ၁၄ပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော် အာဆီယံအစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်သည် စက်တင်ဘာ ၂ရက်မှ ၃ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပသည့် အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၈)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်အား အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

(၅-၉-၂၀၀၅)

ပုသိမ်
၁ ဒသမ ၀၇ လက်မ
ပဲခူး
၁ ဒသမ ၀၂ လက်မ
ဟားခါး
သုည ဒသမ ၉၉လက်မ
ပြင်ဦးလွင်
သုည ဒသမ ၆၃လက်မ
မုံရွာ
သုည ဒသမ ၂၈လက်မ
အောင်လံ
သုည ဒသမ ၁၆လက်မ



အနာဂတ်အဖြေ လူငယ်တွေ

☆ ဒီကနေ့ မြန်မာလူငယ်
မြင်ကြတယ်မဟုတ်လား၊
ပြိုင်လိုက်ရင် ဗိုလ်မထားပါဘူး
နိုင်စိတ်ကို ရင်ဝယ်ထားပါလို့
ရခဲ့ ဖလား။

☆ အများရဲ့ရှေ့တွင်
အောင်ပွဲဆင် စဉ်မပြတ်၊
ပေါ်ပေါ်လွင် ထင်လာအမြတ်က
မြန်မာ့စိတ်ဓာတ်။

☆ လူ့စွမ်းအား အရင်းအမြစ်
ထွန်းသစ်ဖို့ ကြိုးပမ်းရာ
အဖြေဟာ ဘယ်လိုလဲ၊
မေးလာရင် တွေးကာချင့်နိုင်ဖို့
အသင့်မြင်နိုင်ပါတဲ့
ဒို့မြန်မာလူငယ်တစ်သိုက်ရဲ့
ထိုက်ထိုက်တန် ထပ်ထပ်ကဲကာပ
ရရှိလာ အောင်နိုင်ပွဲကို
ပြလိုက်မှာပဲ။ ။

ပျံလွှား

အမျိုးသားအဆင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သုတေသနကျင့်ဝတ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော အမျိုးသားအဆင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သုတေသနကျင့်ဝတ် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် ဒေါက်တာ Stephen P. Jost နှင့် တာဝန်ရှိသူများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် ဒေါက်တာ Stephen P. Jost က အမှာစကားပြောကြားပြီး ဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ယနေ့မှ စက်တင်ဘာ ၈ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးပညာရှင်မဟုတ်သော အမျိုးသမီးဝန်ထမ်းများ တက်ရောက် ဆွေးနွေးကြမည်ဖြစ်သည်။

(သတင်းစဉ်)

မြေမှာ စပါး
ရေမှာ ငါး
လယ်ယာသားငါး
ပြည့်စီးပွား

အာဆီယံ ယူ-၂၃ လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာနှင့်မလေးရှား တတိယနေရာလုမည်

ရန်ကုန် စက်တင်ဘာ ၅

၂၀၀၅ ခုနှစ် အာဆီယံအသက် (၂၃) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (AFF U-23 Youth Championship 2005) ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ဗိုလ်လုပွဲတက်

ပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲအဖြစ် မြန်မာလူငယ်အသင်းနှင့် စင်ကာပူလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စင်ကာပူလူငယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မြန်မာလူငယ်အသင်းအတွက် ဒုတိယပိုင်း ၃မိနစ်တွင် မာလ တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

စက်တင်ဘာ ၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅မိနစ်တွင် တတိယနေရာလုပွဲအဖြစ် မြန်မာလူငယ်အသင်းနှင့် မလေးရှားလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မွန်ပြည်နယ်အတွင်းရှိ လမ်း၊တံတားများ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၃ ရက်တွင် မော်လမြိုင်မြို့မှ ဇာသပြင်–အိန္ဒု–ဘားအံ လမ်းတစ်လျှောက်ရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုကာ မိုင်တိုင်(၁၁/၇)၌ ကတ္တရာထပ်ပိုးလွှာတင်ကာ ခင်းကြိတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ဘားအံခရိုင် အင်ဂျင်နီယာမှူး ဦးတင်အောင်က လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် လမ်းအခြေအနေကိုရှင်းလင်းတင်ပြပြီး ထပ်ပိုးလွှာတင်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ခင်းကြိတ်ရန်နှင့် လမ်းအဆင့်နိမ့်ကျမသွားအောင် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့မှ ဘားအံ–ကော့ကျိုက်–ကော့ပရံ–ဇာသပြင်–အဖြောင့် လမ်း၏ လမ်း၊ တံတားလုပ်ငန်းများ မိုးတွင်းကာလ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်(၁၃/၁)၌ ကျောက်ထပ်ပိုးလွှာတင် ခင်းကြိတ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လမ်းသားရေကျော်သည့် နေရာများကို တာပေါင်မြှင့်၍ ကတ္တရာလမ်းအဆင့်အထိ ဆက်လက်ဆောင်ရွက်သွားရန်၊ လမ်းအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

ဝန်ကြီးသည် စက်တင်ဘာ ၄ရက်တွင် သံလွင်တံတား(မော်လမြိုင်)မုတ္တမဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မော်လမြိုင်ခရိုင်၊ သထုံခရိုင်နှင့် လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၉)တို့မှ သက်ဆိုင်ရာ တာဝန်ခံအင်ဂျင်နီယာများက ရန်ကုန်–မော်လမြိုင်– မြိတ်လမ်း (စစ်တောင်း–မုတ္တမ)အပိုင်း မိုင်တိုင်(၁၁၆/၇)မှ (၁၈၈/၅)အတွင်း လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက မိုးကာလအတွင်း မိမိတာဝန်ယူရသော လမ်း၊ တံတားများ ပျက်စီးမှုကို အမြဲစောင့်ကြည့် ထိန်းသိမ်းရန်၊ ပွင့်လင်းရာသီတွင် လျာထားသည့် လုပ်ငန်းစီမံချက်အတိုင်း ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် လမ်းလုပ်ငန်းဆောင်ရွက်ထားမှုများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဝင်ရောက်ကြည့်ရှု စစ်ဆေးကာ လိုအပ်ချက်များကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်–ပဲခူး ခြောက်လမ်းသွားလမ်းအပိုင်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဘားအံ–ကော့ကျိုက်–ကော့ပရံ–ဇာသပြင်–အဖြောင့်လမ်း တိုးချဲ့ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တကောင်းမြို့ဟောင်းနှင့် ပုဂံမြို့ဟောင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၅

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၁ ရက်တွင် မန္တလေးတိုင်း တကောင်းမြို့ဟောင်း ဝါးရုံကုန်းရွာအနီးရှိ ရာဇမုနိ ရှေးဟောင်းစေတီတော်ကြီး အသစ်ပြန်လည်တည်ဆောက်နေမှုလုပ်ငန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် တကောင်းမြို့ဟောင်းသို့ ရောက်ရှိ၍ အေဒီ(၁၁) ရာစု အနော်ရထာမင်းတရားကြီး၏ ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်နေမှု လုပ်ငန်းများနှင့် ယာယီရှေးဟောင်းပြတိုက်ငယ်အတွင်း ခင်းကျင်းပြသထားသည့် တကောင်းဒေသမှ ရှာဖွေတွေ့ရှိထားသော ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုလေ့လာ စစ်ဆေးပြီး လိုအပ်သည်များကို ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဒုတိယမြို့ရိုးပေါက်အနီးရှိ တကောင်းမြို့ဝင်မုခ်ဦးကြီးနှင့် ရှေးဟောင်းသုတေသနပြတိုက် တည်ဆောက်နေမှုလုပ်ငန်းများကို လည်းကောင်း၊ ရှေးဟောင်းသုတေသနရုံးနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် စက်တင်ဘာ ၂ရက်တွင် တကောင်းမြို့ရှိ ရှေးဟောင်း သုတေသနပြတိုက် တည်ဆောက်နေမှုလုပ်ငန်းကိုလည်းကောင်း၊ တကောင်းမြို့ ရှေးဟောင်း လေးမျက်နှာဘုရားကြီး၏ အပေါ်ဆင့်၌ ထားရှိမည့် မတ်ရပ်ကိုယ်တော်ကြီးလေးဆူ၏ အနေအထား လျာထားမှု အခြေအနေ၊ အောက်ခြေပိုင်းတွင် ဆောင်ရွက်မည့် အမြင့်ပမာဏနှင့် နံရံအပေါ်ပိုင်း အနေအထား၊ အချိုးအစားတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တကောင်းမြို့ဟောင်း ဝါးရုံကုန်းရွာအနီးရှိ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိ၍ ရာဇမုနိ ရှေးဟောင်းစေတီတော်ကြီး၏ စေတီတော်အထွတ်တွင် တပ်ဆင်မည့် စိန်ဖူးတော်လှူဒါန်းခြင်းနှင့် စေတီတော်ကြီး ဘက်စုံပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး အလှူငွေများကို လက်ခံကာ ဂေါပကအဖွဲ့ထံ ပြန်လည်အပ်နှံသည်။

ဝန်ကြီးသည် စက်တင်ဘာ ၃ ရက်တွင် ညောင်ဦးမြို့ရှိ အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော် အသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ၍ ပုဂံရွှေနန်းတော်၌ တပ်ဆင်မည့် မာရဘင်ဒီဇိုင်း၊ မျက်နှာကြက်ဒီဇိုင်း၊ ကြမ်းခင်းဒီဇိုင်း၊ အမိုးဒီဇိုင်း၊ ပလ္လင်နှင့် ဥကင်ပုံစံဒီဇိုင်းတို့နှင့် ပတ်သက်ပြီး မြန်မာ့သမိုင်းအဖွဲ့–အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးလှ၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ပါမောက္ခဒေါက်တာကျော်ဝင်း၊မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်၊ ထူးထရေးဒင်း ကုမ္ပဏီလီမိတက်မှ ဗိသုကာအင်ဂျင်နီယာ ဦးသော်တို့နှင့် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်အတည်ပြုကာ တည်ဆောက်ဆဲ နန်းတော်အပေါ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ပုဂံမြို့ဟောင်းရှိ ဘုရားအမှတ် ၁၄၉၉ မီးငြိမ်းကုန်းဂူဘုရားကြီးသို့ သွားရောက်၍ ဘုရားအနောက်မြောက်ထောင့် ကြွဲခိုင်မှုလုပ်ငန်းများဖြစ်သည့် ပြူတင်းပေါက်နှစ်ခုအတွင်း သံပဟင်ဂလန်ဖြင့် ထောက်မမှုလုပ်ငန်း၊ အတွင်းပေါင်းကူးကြီးကို အောက်ဘက်မှ သံပဟင်ဂလန်ဖြင့် ထောက်ပေးခြင်း လုပ်ငန်း၊ အပြင်နံရံရှိ သံပဟင်ဂလန်များကို နံရံဖောက်ပြီး ဆွဲထားခြင်းလုပ်ငန်း၊ အနောက်ဘက်နှင့် မြောက်ဘက် အခြေတစ်လျှောက်တို့တွင် ရေမဝပ်စေရန် အုတ်ရေမြောင်းများ ပြီးစီးမှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညောင်ဦးမြို့၏အရှေ့ဘက်ရှိ ကျောက်ဂူဥမင်သို့ ရောက်ရှိ၍ ကျောက်ဂူကြီး၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဂူဥမင်အရှည် ခိုင်ခံ့မှုရှိစေရေးကို ယခုကတည်းက ကြိုတင်စီစဉ်ဆောင်ရွက်ရမည့် အစီအမံများ ရေးဆွဲထားရှိရန် မှာကြားသည်။

ဝန်ကြီးသည် စက်တင်ဘာ ၄ရက်တွင် ပုဂံမြို့ဟောင်းရှိ အနော်ရထာမင်းတရားကြီး၏ နန်းတော်ရာနေရာဟောင်း တူးဖော်သုတေသနပြုရာမှ ထွက်ပေါ်လာသော နန်းတော်အုတ်ရိုးတန်းများ၊ အဆောက်အအုံ အကြွင်းအကျန်များ ရေရှည်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းထားရှိမှု အခြေအနေနှင့် ကျန်စစ်သားမင်းကြီး၏ ဇေယျာဘုမ်နန်းတော်ကုန်း တူးဖော်ရာမှ ထွက်ပေါ်လာသော နန်းတော်အုတ်ခုံ၊ အုတ်နံရံများ၊ အုတ်အဆောက်အအုံ အကြွင်းအကျန်များ ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်အသစ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ထပ်မံသွားရောက်၍ ပဥ္စပါသာဒ ပင်မပြာသာဒ်ဆောင်ကြီးနှင့် ဘုံဆင့်များ အတိုင်းအတာမှန်ကန်ပြီး အချိုးအစားညီမျှစွာ တပ်ဆင်မည့် ပုံစံအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် မန္တလေးတိုင်း ညောင်ဦးခရိုင် ပုဂံ–ညောင်ဦး၌ အသစ်တည်ဆောက်လျက်ရှိသော အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်ကြီးတွင် တပ်ဆင်မည့် အမိုးပြားနမူနာပုံစံကို ပညာရှင်များနှင့်အတူ ကြည့်ရှုစစ်ဆေးစဉ်။

(ယဉ်ကျေးမှု)



ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ကမာရွတ်မြို့နယ် ဟံသာရိပ်မွန် ဘုရင့်နောင်လမ်းနေ Paramount Industrial Co., Ltd. မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဖြူဟွမ်ဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဆေးကူညီမှုအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးအောင်မြင့်နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သန်းမြင့်အောင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘက်ကမ်းရှိ ငမိုးရိပ်တံတား (ကမာကြည်) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေးပြီး မှာကြားဖြည့်ဆည်း

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘက်ကမ်းရှိ ငမိုးရိပ်တံတား (ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်းသို့သွားရောက်၍ တံတားတည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၅နာရီတွင် ငမိုးရိပ်တံတား (ကမာကြည်)ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေးစီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးဟန်စိုးက တံတားဆောက်လုပ်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တံတားတည်ဆောက်ပြီးစီးမှု၊ ပစ္စည်းများ စုဆောင်းထားရှိမှု၊ ချဉ်းကပ်လမ်းပေ ၃၀၀ ခင်းကျင်းမှုနှင့် တံတားကြီး သတ်မှတ်စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ၁၃သမ ၅မီတာ ဘိုးပိုင်အုတ်မြစ်လုပ်ငန်း ဆောင်ရွက်လျက်ရှိမှု၊ ၁၃သမ၅မီတာ Reverse Circulation Drilling (R.C.D) ဘိုးပိုင် အုတ်မြစ်လုပ်ငန်း ဆောင်ရွက်လျက်ရှိမှု၊ ကမ်းကပ်ခုံ(၁)၊ (၂)ဘိုးပိုင် CAP နှင့် ကိုယ်ထည် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေလယ်တိုင် ဘိုးပိုင် CAP Shaft. Cross Beamလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ၈၅ပေ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မများ ထုတ်လုပ်တပ်ဆင်လျက် ရှိသည်များကို သံကူကွန်ကရစ် Precast Slab လုပ်ငန်း ဆောင်ရွက်လျက်ရှိမှုနှင့် သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းများထုတ်လုပ်တပ်ဆင်လျက် ရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

တည်ဆောက်ထား

ယခု တည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား (ကမာကြည်)သည် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း တည်ရှိပြီး ငမိုးရိပ်ချောင်းကို ဖြတ်၍ သဃ်န်းကျွန်းမြို့နယ် ကမာကြည်လမ်းနှင့် သာကေတမြို့နယ် ရှုခင်းသာ လမ်းတို့ကို ဆက်သွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)၏ ၂၀၀၄-၂၀၀၅ခုနှစ်အတွက် နှစ်ပတ်လည်အခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Parkတွင် ကျင်းပပြုလုပ်မည်ဖြစ်သည့်အတွက် အသင်းသားများ စုံညီစွာတက်ရောက်နိုင်ရန် ဖိတ်ကြားနှိုးဆော်ထားသည်။

နှစ်ပတ်လည်အခမ်းအနား အထိမ်းအမှတ်အဖြစ် ကွန်ပျူတာနည်းပညာနှင့်ပတ်သက်သော ဟောပြောဆွေးနွေးပွဲများကို စက်တင်ဘာ ၉ရက်နှင့် ၁၀ရက်များတွင် MICT Park ၌ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။

ဟောပြောဆွေးနွေးပွဲများ၏ ပထမနေ့နံနက်ပိုင်းအစီအစဉ်တွင် အိုင်တီမဟုတ်သော အခြားလုပ်ငန်းကဏ္ဍများမှ လုပ်ငန်းရှင်များ၊ ပညာရှင်များကို ဖိတ်ခေါ်၍ အိုင်တီသုံးစွဲမှု ဆွေးနွေးပွဲများ၊ ညနေခင်း ဒုတိယပိုင်းအစီအစဉ်တွင် အိုင်တီလောကသားများ၏စကားဝိုင်း၊ ဒုတိယနေ့တွင် အိုင်တီပညာရှင်များက ဦးဆောင်၍ နည်းပညာဆွေးနွေးပွဲများ ကျင်းပကြမည်ဖြစ်သည်။

ထို့ပြင်MCPAအသင်းနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် မိတ်ဆုံညစာစားပွဲကို စက်တင်ဘာ ၉ရက် ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ရာ ယင်းညစာစားပွဲအတွက် လက်မှတ်များကို ကျပ် ၂၅၀၀ဖြင့် MICT Park (ရန်ကုန်)၊ အဆောင်(၄)၊ အခန်း(၄)ရှိ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆တွင် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး၊ အလှူငွေပေးအပ်ပွဲနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့်က ခြောက်ဘာသာဂုဏ်ထူးရှင် မစံစံထွန်းကျော်အား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၅

၁၃၆၇ ခုနှစ် တော်သလင်းလဆန်း ၈ရက်၊ စက်တင်ဘာ ၁၀ရက် (စနေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ လှိုင်မဟာစည်သာသနာ့ရိပ်သာ ဦးစီးပဓာန နာယက လှိုင်မဟာစည်ဆရာတော် ဘဒ္ဒန္တစန္ဒဝရက လည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက ဘဒ္ဒန္တပဏ္ဍိတာဘိဝံသက လည်းကောင်း ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာဗျူဟာ ဂရုဓမ္မပူဇော်ပွဲနှင့် တရားပွဲ

ရန်ကုန် စက်တင်ဘာ ၅

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၃၃)ကြိမ်မြောက် တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့) ပူဇော်ပွဲ၊ တရားပွဲနှင့် အကြိုသင်တန်းဖွင့်လှစ်မည်ဖြစ်ရာ အကြိုသင်တန်းကို စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ နံနက် ၇ နာရီခွဲမှ ၉ နာရီအထိ ဆရာတော်ဘဒ္ဒန္တဝါယမသာရ (ဥဘတောဝိဘင်္ဂရေ)က ဓမ္မဒါနသင်ကြားပေးမည်ဖြစ်သည်။ တော်သလင်းလပြည့် (စနေနေ့)နံနက် ၅ နာရီခွဲတွင် အခါတော်နေ့ပူဇော်ပွဲအဖြစ် ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် သံဃာတော်ငါးပါးအား အရုဏ်ဆွမ်းဆက်ကပ်၍ မွန်းလွဲ ၂နာရီတွင် တိပိဋကပါဠိပါရဂူ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသက ဂရုဓမ္မတရားတော်ဟောကြားမည်ဖြစ်ရာ မည်သူမဆို လာရောက်နာယူနိုင်ကြောင်း သိရသည်။ (၂၃)

ထူးကြီးအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် စက်တင်ဘာ ၅

ထူးကြီးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို စက်တင်ဘာ ၁၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံတောင်ဘက်မုခ်အနီးရှိ သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် ထူးကြီး ဒေသသူ/ဒေသသားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုသူများသည် ဦးအေးစိုး ဖုန်း-၂၉၁၂၄၄၊ ဦးမြင့်သိန်း ဖုန်း-၂၉၃၀၅၆၊ ဦးမြင့်သန်း ဖုန်း-၂၉၄၁၅၀၊ ဦးထွန်းဝေ ဖုန်း-၇၂၁၄၀၆နှင့် ဒေါ်ယဉ်ရွှေ ဖုန်း-၇၂၂၀၁၅ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

လှိုင်မြို့နယ် (၄)ရပ်ကွက် ရတနာမွန်လမ်း တိုက်(၅)နေ အမျိုးသား စာပေဆုနှင့် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဆရာမကြီး ဒေါ်ကြန်က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Myanmar Economic Reforms (1989-1996) (ပထမနှစ်-စီးပွားရေးပညာ)**
၅:၂၅	၉။	ပညာခေတ်
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပျံသာပျံပါထက်အာကာ" (အပိုင်း-၄)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၂၄)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

နယ်စပ်/စည်ပင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ခရိုင်ချင်းဆက်လမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မန္တလေးတိုင်းအတွင်း ဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ် (၂)ကို ကြည့်ရှုစစ်ဆေးစဉ်။
(နယ်စပ်/စည်ပင်)

ရန်ကုန် စက်တင်ဘာ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၃ ရက်တွင် မန္တလေးတိုင်း ကျောက်ဆည်မြို့သို့ ရောက်ရှိရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက ကျောက်ဆည်မြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဂိတ်ဈေးနှင့်ပွဲရုံများ တည်ဆောက်နေမှုအခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်း တင်ပြပြီး ဝန်ကြီးက မြို့၏ တောင်ဘက်ခြမ်းရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မြို့ရေပေးရေး အမှတ်(၁)ရေစက်ရုံသို့ ရောက်ရှိကြရာ တာဝန်ခံအင်ဂျင်နီယာက ရေဖြန့်ဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ရေစုကန်၊ အနည်ထိုင်ကန်၊ ရေစစ်ကန်နှင့် ရေတင်စက်များအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် သင်္ဂတုံကျေးရွာနှင့် နောင်ခမ်းကျေးရွာအကြား စက်ယန္တရားများဖြင့် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့က လမ်းဖောက်လုပ်နေမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စက်ယန္တရားများ အကျိုးရှိစွာအသုံးချရေးနှင့် သတ်မှတ်ချိန်ပြီးစီးအောင် ကြိုးစားဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ခရိုင်ချင်းဆက်လမ်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ခရိုင်ချင်းဆက်လမ်းရှိ သံရွာအနီး ဇော်ဂျီမြစ်ကူး တံတားပိုင်တိုင်ရိုက်ခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သံရွာနှင့် ဖျောက်ဆိပ်ပင်လမ်းအပိုင်း မြေသားလမ်း ဖောက်လုပ်နေမှုများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ရေဝတီတိုင်း ကျန်းမာရေးဦးစီးဌာန၊ မြောင်းမြမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ဆင်ခြေထောက်ရောဂါအတွက် သွေးဖောက်စစ်ဆေးခြင်းလုပ်ငန်းကို ဩဂုတ် ၁၅ရက်က အမှတ်(၁)ရပ်ကွက်၌ ဆောင်ရွက်ရာ ဧရာဝတီတိုင်း ငှက်ဖျားရောဂါဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်သန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ် ပြန်/ဆက်)

တစ်ပြည်လုံးတွင် မိုးလျော့နည်းမည်

ရန်ကုန် စက်တင်ဘာ ၅

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ စတင်ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ချင်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာ ၆ ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် မိုးလျော့နည်းမည်။

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးမည်

ရန်ကုန် စက်တင်ဘာ ၅

သာသနာရေးဝန်ကြီးဌာနသည် ၁၉၉၈–၉၉ခုနှစ်မှစ၍ မဇ္ဈိမဒေသရှိ သံဝေဇနိယလေးဌာန(ဗုဒ္ဓဂယာဘုရားဖူး) ခရီးစဉ်များကို ပို့ဆောင်ပေးလျက်ရှိပြီး ယခုနှစ် ၂၀၀၅–၂၀၀၆ ခုနှစ်တွင်လည်း ယခင်နှစ်ကဲ့သို့ ဘုရားဖူးခရီးစဉ်များ ပို့ဆောင်ရန်စီစဉ်လျက်ရှိသည်။

ဘုရားဖူးခရီးစဉ်များမှာ ရန်ကုန်မှ ဗုဒ္ဓဂယာသို့ တိုက်ရိုက်သွားပြီး ဘုရားဒေသများအား ဖူးမြော်ကာ ဗုဒ္ဓဂယာမှ ရန်ကုန်သို့ တိုက်ရိုက်ပြန်လာမည့် ၁၀ညအိပ် ၁၁ရက်ခရီးနှင့် ရန်ကုန်မှ ဗုဒ္ဓဂယာသို့ တိုက်ရိုက်သွားပြီး ဘုရားဒေသများကို ဖူးမြော်ကာ ဗုဒ္ဓဂယာမှတစ်ဆင့် ကိုးလ်ကတ္တားမြို့သို့ဝင်ပြီး ရန်ကုန်သို့ပြန်လာမည့် ၁၄ည အိပ်၁၅ရက်ခရီးတို့ဖြစ်သည်။ ခရီးစဉ်နှစ်ခုစလုံး ဘုရားဒေသများ ပြည့်စုံစွာ လှည့်လည်ဖူးမြော်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်သည်။

ဘုရားဖူးခရီးစဉ်များအား ၂၀၀၅ ခုနှစ် စက်တင်ဘာလနောက်ဆုံးပတ်မှစ၍ ပို့ဆောင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးသွားလိုသူများ အနေဖြင့် သာသနာရေး ဝန်ကြီးဌာနမှ တရားဝင်တာဝန်ပေးအပ်ထားသော ဘုရားဖူးအဖွဲ့နှစ်ဖွဲ့ဖြစ်သည့် (၁)အကျိုးဆောင် ဒေါ်သဇင်မြင့်အောင်(အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) Power Palace Hotel အမှတ်(၁၆) ပြည်သာယာလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း(သာသနာရေး)၀၁–၇၀၈၁၅၆၊ ၆၆၀၈၄၃ (ဟိုတယ်)၀၁–၅၄၄၂၈၇၊ ၅၄၈၂၁၀၊ ၅၄၉၆၆၈ ၊၀၉–၉၉–၂၆၁၀၈၊ ၀၉–၅၁၂–၈၆၂၁ နှင့် (၂)အကျိုးဆောင်–ဦးထိန်လင်း (ရန်ကုန်ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း) အမှတ်(၅၅)၊ ၁၇လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း(သာသနာရေး) ၀၁–၆၆၅၃၈၃ (ရုံး)၀၁–၂၂၅၉၈၉၊၂၂၅၉၁၅တို့သို့ ဆက်သွယ်စုံစမ်း၍ ကာယကံရှင်များကိုယ်တိုင် လျှောက်လွှာများ တင်သွင်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

သဲဖြူတောရဓမ္မရိပ်သာ တရားစခန်းကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရဓမ္မရိပ်သာတွင် စက်တင်ဘာ ၉ရက်မှ ၁၉ရက်အထိ တရားစခန်းကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသည့် ယောဂီများ ဖုန်း–၆၆၂၈၃၆၊ ၆၆၆၁၆၃၊ ၇၂၂၃၈၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ စက်တင်ဘာ ၉ရက် မွန်းလွဲ ၁နာရီခွဲအရောက် လာကြရန်နှိုးဆော်ထားသည်။ (က–ပ)

ညောင်ကန်အေးသာသနာ့ရိပ်သာ ငွေရတုပွဲ

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုသဘင်အခမ်းအနား၊ ငွေရတုကျောင်းတော်ရေစက်ချပွဲနှင့် (၂၅)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၃ရက်(တနင်္ဂနွေ)နေ့တွင် ကျင်းပမည်ဖြစ်သည်။ ငွေရတုသဘင်အခမ်းအနားတွင် ပင့်သံဃာ ၁၀၈ပါးအတွက် တစ်ပါးလျှင်ကျပ် ၁၀၀၀၀ လှူဒါန်းမည်ဖြစ်၍ ဘုံကထိန်သင်္ကန်း၊ ဆွမ်းစရိတ် စသည်ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဂုဏ်ပြုဆုချီးမြှင့်

၂၀၀၄–၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၃ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ခြောက်ဘာသာဂုဏ်ထူးရှင် မခိုင်လွင်မြင့်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၉)

ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၅

အာရှခရစ်ကက်ကောင်စီ (ACC)၏ ဖိတ်ကြားချက်အရ ဩဂုတ် ၂၇ရက်မှ ၃၁ရက်အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပခဲ့သော အာရှ ခရစ်ကက်ကောင်စီ၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုသင်တန်းသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းသည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌအား ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်ဆွေဇင်ထိုက်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်သည် အာရှခရစ်ကက်ကောင်စီနှင့် ပူးပေါင်း၍ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ခရစ်ကက် အားကစားနည်း ပြန့်ပွားရေး စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် အနုပညာရှင်များ၏ အင်အားကို ထိထိရောက်ရောက် အသုံးပြုမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းအား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ်။
(ခရစ်ကက်အဖွဲ့ချုပ်)

ကြည့်ရှုစစ်ဆေး

စက်တင်ဘာ ၅ရက်က စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်းရှင်များ လေ့လာနိုင်ရန် အစည်းအဝေးခန်းမ၌ ခင်းကျင်းစီစဉ်ပြသထားသည့် Coil Spring **များ၊** Piston Pin **အမျိုးမျိုး၊** Cam Shaft **အမျိုးမျိုး၊** Connecting Rod**အမျိုးမျိုးနှင့် မြန်မာ့မီးရထား၌ အသုံးပြုလျက်ရှိသည့် အရည်အသွေးမြင့် သတ္တုစပ် သံမဏိသုံး စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သစ်ရာကောက်–စမ်းမကြီး–ကိုးပင်လမ်း ဖောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး ဆင်ပေါင်ဝဲမြို့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံမှာကြား

ရန်ကုန် စက်တင်ဘာ ၅

မကွေးတိုင်း မကွေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၃ ရက် နံနက် ၈နာရီ မိနစ် ၄၀တွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မကွေး–တောင်တွင်းကြီး လမ်းနှင့် သစ်ရာကောက်–စမ်းမကြီး–ကိုးပင်လမ်းဆုံသို့ နံနက် ၉နာရီ၁၀မိနစ်တွင်ရောက်ရှိကြပြီး မကွေး–သစ်ရာကောက်–စမ်းမကြီး–ကိုးပင်လမ်း အခြေအနေနှင့် မိုးစပါးနှင့် သီးနှံများ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပြည်သာယာ စိုက်ပျိုးရေးကုမ္ပဏီက ရိတ်သိမ်းပြီး နေလှန်းထားသည့် နှမ်းပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သစ်ရာကောက်–စမ်းမကြီး–ကိုးပင်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင်အမှတ်(၁၀/၆)မိုင်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကိုးပင် – စမ်းမကြီး – သစ်ရာကောက်လမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးခရိုင်အင်ဂျင်နီယာမှူး ဦးစန်းဝေက

စာမျက်နှာ၃ ကော်လံ ၁ သို့ ❁

၂၀၀၅ခုနှစ် အာဆီယံချန်ပီယံ ယူ–၁၇ မြန်မာလူငယ်ဘောလုံးအသင်း စက်တင်ဘာ ၆ ရက် ပြန်လည်ရောက်ရှိမည်

ရန်ကုန် စက်တင်ဘာ ၅

၂၀၀၅ခုနှစ် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (AFF U-17 Youth Championship 2005)တွင် အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းသည် စက်တင်ဘာ ၆ရက် မွန်းလွဲ ၁၂နာရီ ၁၀မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေယာဉ်ကွင်းလမ်းဆုံ၊ ၎င်းမှ ပြည်လမ်းအတိုင်း (၈)မိုင်လမ်းဆုံ၊ ဆက်လက်၍ လှည်းတန်းလမ်းဆုံ၊ ထိုမှတစ်ဆင့် အလုံလမ်းအထိ၊ ၎င်းမှ အလုံလမ်းအတိုင်း ဦးဝိစာရအဝိုင်းမှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✡